# သတင်းလွှာ




အတွဲ(၄)၊အမှတ်(၆)။ ၂၀၁၀ ခုနှစ်၊ဇန်နဝါရီလ(၈)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများအများပြည်သူသိရှိရန် သတိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။ အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။ ၁။ဆေးဝါးအမည်- Rycin-K tablet (Phenoxymethylpenicillin Potassium BP eq: to 250mg Pheno,ymethylpenicillin (Free acid eq: to 400,000(1U) ထုတ်လုပ်သည့်ကုမ္ပဏီ-ALBION Lab Ltd., Bangladesh၊ ၂။ဆေးဝါးအမည်-Nutroplex Liquid 60ml (Vitamins, mineral) ထုတ်လုပ်သည့်ကုမ္ပဏီ- Unilab Pharm -aceuticals Co.,Ltd. Thailand ၊ ၃။ ဆေးဝါးအမည်-Panvid Tablets (Vit A 2500 1U, Vit D 300 1U, Vit B1 HCl 1mg. Vit B2 1mg, Vit B6 HCl 0.5mg, Vit C 15mg) ထုတ်လုပ်သည့်ကုမ္ပဏီ-Picco Pharma Co.,ltd. Bangkok. Thailand၊ ၄။ဆေးဝါးအမည်-Malacin injection (Chloroquine 200mg/5ml) ထုတ်လုပ်သည့် ကုမ္ပဏီ-ANB Laboratories Co.,Ltd. Thailand၊ ၅။ဆေးဝါးအမည်-Baby Powder Tra Rung Phueng (Benzoic acid 2) (acetyloxy), (Salicyclic acid acetate) (aspirin) (162mg) ထုတ်လုပ်သည့်ကုမ္ပဏီ-Chankit Trading Ltd., Part Bangkok, Thailand တို့ဖြစ်သည်။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့တော်စည်ပင်မှ လယ်သမားများအတွက်ကျပ်သိန်းငါးသောင်းနှင့် ဈေးသည်များအတွက် ကျပ်သိန်းတစ်သောင်းထုတ်ချေးခဲ့

ယခုဘဏ္ဍာရေးနှစ် ၂၀၀၉-၂၀၁၀တွင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လယ်သမားများအတွက် ငွေကျပ်သိန်းငါးသောင်းနှင့် ဈေးသည်များအတွက် ငွေကျပ်သိန်းတစ်သောင်းထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ ယခုနှစ်တွင်လယ်သမားဦးရေစုစုပေါင်း ၈၄၈၃၄ဦး လယ်စိုက်ဧက ၆ဒသမ ၈သိန်းကျော်အတွက် စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ကျပ်သိန်းငါးသောင်းကို မြို့တော်စည်ပင်မှ ထုတ်ချေးပေးခဲ့ကြောင်းသိရှိရသည်။ယင်းအပြင် ဈေးသည်ဦးရေ ၁၅၁၃၉အတွက် ချေးငွေပေါင်းကျပ်သိန်းတစ်သောင်းကိုလည်း ထုတ်ချေးပေးခဲ့ပြီး ဖြစ်ကြောင်းသတင်းရရှိသည်။ ရန်ကုန်မြို့တော် ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီအနေဖြင့်ကုန်ဈေးနှုန်းထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင်အထောက်အကူဖြစ်စေရန် အတွက် ယင်းကဲ့သို့ လယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေ များထုတ်ချေးခြင်းနှင့် ဈေးသည်များကို အသေးစားမတည်ရင်းနှီးငွေများထုတ်ချေးခြင်းတို့ကိုပြုလုပ်ပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော်ကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်ရန်ကုန်တိုင်းအတွင်းရှိ လယ်သမားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ဈေးများရှိ နေရာထိုင်ခင်းအတည်တကျ၊ ဈေးဆိုင်ခန်းများတွင် ရောင်းချနေကြသော ဈေးသည်များ အပြင် ဈေးများ၏ အပြင်ဘက်တွင် ရောင်းချနေကြသောလမ်းဘေးဈေးသည်များ၊ ပုံကျဈေးသည်များကိုလည်းဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးလျက်ရှိသည်ဟုသိရသည်။ ထိုသို့ မြို့တော်စည်ပင်လက်အောက်ရှိဈေးများတွင် ချေးငွေများထုတ်ချေးပေးနေခြင်းအပြင် ပုံကျဈေးသည်နှင့် လမ်းဘေးဈေးသည်များမှာ နေ့စဉ်စားဝတ်နေရေးနှင့် အရင်းအနှီးအဖြစ် မြှုပ်နှံရန်အတွက် ပုဂ္ဂလိက ငွေချေးသူများထံမှ လည်းနေ့ပြန်တိုးများဖြင့် ချေးယူနေရမှုများလည်းရှိသည်ဟု သိရသည်။ နေ့ပြန်တိုးများဖြင့် ချေးယူနေရသည့် အတွက် အတိုးနှုန်းများပြားပြီးနေ့စဉ် ရောင်းချရမှုများမှ ပေးဆပ်သွားရခြင်းအတွက် ဈေးသည်များမှာ ချေးငွေသံသရာမှရုန်းထွက်နိုင်ကြခြင်းမရှိကြ ကြောင်းလည်းသိရသည်။ ၎င်းတို့ပေးသွင်းနေရသည့် အတိုးနှုန်းများမှာ လည်း၁၀ကျပ်တိုး၊ ၁၅ကျပ်တိုး၊ ၂၀ကျပ်တိုးများဖြစ်ကြောင်းသိရသည်။ ယင်းကြောင့်ဌာနဆိုင်ရာအဖွဲ့ အစည်းများမှအတိုးနှုန်းသက်သာစွာဖြင့်ထုတ်ချေးပေးမှုများကိုပိုမိုပြုလုပ်ပေးစေရန် ဆန္ဒ ရှိနေကြသည်ဟုစုံစမ်းသိရှိရကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၈ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျောင်းပြင်ပမူလတန်းပညာရေးပြီးဆုံးသူတိုင်းအစိုးရကျောင်းများတွင် အလယ်တန်းဆက်တက်နိုင်

အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်မသင်နိုင်တော့ဘဲ ကျောင်းထွက်ခဲ့သည့် မူလတန်းအရွယ်ကလေးငယ်များ တက်ရောက်နိုင်မည့် "ကျောင်းပြင်ပမူလတန်း ပညာရေး အစီအစဉ်" ကိုရေဝတီတိုင်းမော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အဆိုပါအစီအစဉ်ပြီးဆုံးအောင်မြင်သော ကလေးငယ်များသည် အစိုးရအခြေခံပညာ ကျောင်းများတွင် အလယ်တန်းပညာရေးအဆင့်သို့ဆက်လက်တက်ရောက်နိုင်ခွင့်ရှိမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပညာရေးဝန်ကြီးဌာနနှင့်ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ယူနီဆက်တို့ ပူးပေါင်းလုပ်ဆောင်နေသော "ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်"ကိုမော်လမြိုင်ကျွန်းမြို့ပေါ်ရှိ စာသင်ကျောင်း ၉ကျောင်းတွင် ၂နှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး၊ အသက် ၁၀နှစ်မှ ၁၄နှစ်အရွယ် ကလေးငယ် ၂၃၆ဦးတက်ရောက်လျက်ရှိကြောင်းမြို့နယ်ကြီးကြပ်ရေးမှူးကပြောကြားသည်။ "ကျောင်းတစ်ဝက်တစ်ပျက်နဲ့ထွက်နေတဲ့မူလတန်းအဆင့်မပြီးသေးတဲ့ကလေးတိုင်းအတွက်သီးသန့်သင်ရိုးတွေနဲ့သင်တာပါ။ စီးပွားရေးအရ ကျောင်းထွက်ပြီးမိဘကူနေရတဲ့ကလေးတွေကို ၂နှစ်နဲ့မူလတန်းပညာပြန်သင်ပေးပြီး၊ နောက်ဆုံးဆန်းစစ်လွှာတွေဖြေလို့အောင်မြင်ရင် အလယ်တန်းအဆင့်ဆက် တက်လို့ရတယ်။ ဒီအစီအစဉ်မှာ ကလေးတွေအားတဲ့အချိန်အပေါ်မူတည်ပြီးအချိန်စာရင်းဆွဲထားတယ်။ ညအားရင်ညဘက်လိုက်သင်ပေးတယ်"ဟုမြို့နယ်ကြီးကြပ်ရေးမှူးဦးခင်မောင်သိန်းကပြောသည်။ အဆိုပါအစီအစဉ်တွင် သတ်မှတ်အသက်အပိုင်းအခြားနှင့် အကျုံးဝင်သော ကလေးငယ်တိုင်းပါဝင်တက်ရောက်နိုင်ရာပြစ်ဒဏ်ကြောင့် ကျောင်းမှထုတ်ပယ်ခံရသော ကလေးများလည်းပါဝင်ခွင့်ရှိကြောင်းသိရသည်။ ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းဆောင်ရွက်သောအဆိုပါ စီမံကိန်းကိုမြန်မာတစ်နိုင်ငံလုံးရှိမြို့နယ် ၁၂မြို့နယ်တွင်အကောင်အထည်ဖော်လျက်ရှိပြီး၊ မော်လမြိုင်ကျွန်းမြို့တွင်ဩဂုတ်လ၁ရက်က စတင်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန် ဖုန်းက နံပါတ်အသေတစ်ခုရကာ သက်တမ်းတိုးစနစ်ဖြင့် ဘီလ်ပေးသွင်းနိုင်မည်

ငွေကျပ်ငါးသိန်းဖြင့် နံပါတ်အသေတစ်ခုရကာ သက်တမ်းတိုး(Top up)စနစ်ဖြင့် ဖုန်းဘီလ်ပေးသွင်းရသော စီဒီအမ်အေ၈၀၀ MZ wireless ကြိုးမဲ့စနစ်ပါ အထိုင်ဖုန်းများအား ဇန်နဝါရီလဆန်းတွင် မန္တလေးမြို့၌ ချထားပေးနေပြီဖြစ်ကြောင်းသိရသည်။ ယခုချထားပေးသည် စီဒီအမ်အေ၈၀၀ MZ wireless ဖုန်းများအား မြန်မာ့ဆက်သွယ်ရေးမှ နိုဝင်ဘာလလယ်မှစ၍ လျှောက်လွှာများလက်ခံခဲ့ပြီး ရန်ကုန်မြို့၌ အလုံးရေတစ်သိန်းနှင့် မန္တလေးမြို့တို့၌ အလုံးရေ ငါးသောင်းချပေးမည်ဖြစ်သည်။ ယခုဇန်နဝါရီလဆန်းမှစ၍ မန္တလေးမြို့၌စတင်ချထားပေးမည့် ထိုဖုန်းများတွင် နိုင်ငံတကာ၌ ဘီလ်ဆောင်ရာတွင် အသုံးပြုသည့်ကတ်စနစ်ဖြင့် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ ဖုန်းကိုင်ဆောင်သူများအနေဖြင့် တခြားသော ဖုန်းများကဲ့သို့ ဖုန်းခေါ်ဆိုခများအား မြန်မာဆက်သွယ်ရေး၌ စာရွက်စာတမ်းဖြင့်ဆောင်စရာမလိုဘဲ ကတ်များဝယ်ယူ၍ အသုံးပြုရမည် ဖြစ်သည်။ ထိုစနစ်မှာ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်စတင်အသုံးပြုခြင်းဖြစ်သည်။ ယင်းဖုန်းကိုင်ဆောင်ထားသူများအတွက် ကျပ်တစ်သောင်းတန်၊ ကျပ်သုံးသောင်းတန် အက်ဖ်အီးစီ ၂၀ယူနစ်နှင့် အက်ဖ်အီးစီ ၅၀ယူနစ်တန်ထပ်ဖြည့်ကတ် (Refill Card) ၄မျိုးရောင်းချပေးမည်ဖြစ်ပြီး၊ အသုံးပြုသူအနေဖြင့် နှစ်သက်ရာကတ်အားဝယ်ယူနိုင်မည်ဟုသိရသည်။ ထို Refillကတ်အသုံးပြုနည်းလမ်းညွှန်အား ထိုကတ်များပေါ်တွင် မြန်မာလိုဖော်ပြပေးထားမည်ဖြစ်သည်။ သို့သော် ပြည်ပခေါ်ဆိုသူများသည် မြန်မာကျပ်ငွေထည့်ထားသော ကတ်ဖြင့်အသုံးပြု၍မရဘဲ အက်ဖ်အီးစီယူနစ်ကတ်ထည့်သွင်းထားမှသာ ခေါ်ဆို၍ရမည်ဖြစ်ပြီးကတ်နှစ်မျိုးစလုံးအားတစ်ပြိုင်တည်းထည့်သွင်းထားနိုင်ကြောင်းသိရသည်။ထိုဖုန်းများအချင်းချင်းစာတိုပို့စနစ် အသုံးပြုနိုင်ပြီး

# ပြည်တွင်းသတင်း မှ အဆက်

(တစ်စောင် ၅၀ကျပ်နှုန်း)၊ နောက်ပိုင်းတွင်လည်း ဖက်စ်ပို့သည့်စနစ်ပါ အသုံးပြုနိုင်အောင် စီစဉ်ပေးမည်ဟုသိရသည်။ ထို Refill ကတ်များနှင့် ဟန်းဆက်များအား မြန်မာ့ဆက်သွယ်ရေးတွင် ကိုယ်စားလှယ်ရယူထားသော E Lite ကုမ္ပဏီမှ ဖွင့်လှစ်ထားသော ဆိုင်များ၌ ဝယ်ယူနိုင်ပြီး၊ Fix Phone Terminal (ဟန်းဆက်)များအား ကျပ်တစ်သိန်းဝန်းကျင်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရတနာပုံတယ်လီပို့ အများပိုင်ကုမ္ပဏီအဖြစ် ဆက်သွယ်ရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ရ

မြန်မာနိုင်ငံ၏ ဒုတိယ Internet Service Provider အဖွဲ့အစည်းဖြစ်သော ရတနာပုံတယ်လီပို့ကုမ္ပဏီကို အများနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်းဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြောကြားသည်။ ကုမ္ပဏီလီမိတက်ကို ခွင့်ပြုခဲ့ကြောင်း ၂၀၀၉ခုနှစ် ဩဂုတ်လ ၁၇ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၀၉ဖြင့် ထုတ်ပြန်ခွင့်ပြုခဲ့သည်ဟု ယင်းကုမဏီထံမှ စုံစမ်းသိရှိရသည်။ ရတနာပုံတယ်လီပို့အနေဖြင့် Hightect Princess Co., Ltd. နှင့် ပူးပေါင်းပြီး MESH WiFi ကြိုးမဲ့အင်တာနက် ကွန်ရက်စနစ်တစ်ခုကိုဝန်ဆောင်မှုပေးနိုင်ရန်စီစဉ်လျက်ရှိကြောင်း၊ ယင်းသို့ ဝန်ဆောင်မှုပေးနိုင်ရန် Yadanarpon Teleport Hightech Princess စက်ရုံကိုတည်ဆောက်ပြီးလိုအပ်သည့် အစိတ်အပိုင်းများကိုပြည်တွင်း၌ပင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်းအဆိုပါကုမ္ပဏီက ထုတ်ပြန်ကြေညာထားသည်။ ထို့ပြင် အဆိုပါကုမ္ပဏီသည် Yadanarpon Teleport CBOSS Billing Systemစီမံကိန်းကိုအကောင်အထည်ဖော်ရန် CBOSS နှင့် Elite Tech Manufacturing Co., Ltd. တို့နှင့် ဒီဇင်ဘာလ ၂၆ရက်နေ့တွင် နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့သည်။အလားတူပင် Supply and Installation of Yadanarpon Teleport IP Backbone Network စီမံကိန်းကို အကောင်အထည်ဖော်ရန် Elite Tech Manufacturing Co., Ltd. နှင့်ယင်းနေ့တွင်ပင် နားလည်မှုစာချွန်လွှာကိုထပ်မံလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါလုပ်ငန်းများအားလုံးကို ၂၀၁၀ ပြည့်နှစ်တွင် အကောင်အထည် ဖော်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ယင်းကုမ္ပဏီထံမှ စုံစမ်းသိရှိရကြောင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ၄ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ထွန်းဖောင်ဒေးရှင်း စာမူဆုများ ထုတ်ပြန်

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ပရိသတ်တိုးပွားရေး၊စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကိုတစ်နည်းတစ်လမ်းမှပါဝင်ထောက်ကူသောအားဖြင့် “ထွန်းဖောင်ဒေးရှင်းစာပေဆု” ကို ၂၀၀၅ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့် နိုင်ရန် စာအုပ်၊ စာမူများကိုနှစ်စဉ်ဖိတ်ခေါ်ခဲ့ရာစတုတ္ထအကြိမ် ၂၀၀၉ခုနှစ်အတွက် ဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်၊ စာမူများ စာရင်းကို ဇန်နဝါရီ ၂ရက်တွင် ထုတ်ပြန်ကြေညာသည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် စာအုပ်ဆုနှင့် စာမူဆုဟူ၍ သတ်မှတ်ထားပြီး စာအုပ်ဆုအတွက် ၂၀၀၈ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များနှင့် စာမူရှင်များက ပေးပို့လာသော ပြိုင်ပွဲဝင်စာမူများကို ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီက စိစစ်ရွေးချယ်ခဲ့သည်။ ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုကို ယခုနှစ်မှ စတင်၍ ချီးမြှင့် သွားမည်ဖြစ်ရာ ၂၀၀၈ခုနှစ် ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုရှင်အဖြစ် ကွယ်လွန်သူစာရေးဆရာကြီး ဦးမျိုးသန့်(မောင်ဆုရှင်) အားဂုဏ်ပြုရွေးချယ်ချီးမြှင့်လိုက်သည်။ စာပေဆုများကို ဘာသာရပ် (၁၁)မျိုးသတ်မှတ်ထားပြီး တစ်မျိုးစီအတွက် မြန်မာဘာသာ (စာအုပ်/စာမူ) ၊ အင်္ဂလိပ်ဘာသာ(စာအုပ်/စာမူ)ဟူ၍ ဆုလေးမျိုးစီသတ်မှတ်ထားသည်။ ၂၀၀၈ခုနှစ်အတွက်ချီးမြှင့်မည့်ထွန်းဖောင်ဒေးရှင်းစာပေဆုများမှာတစ်သက်တာ စာပေဆုနှင့် မြန်မာစာအုပ်ဆု ကိုးဆုနှင့် မြန်မာစာမူဆု ငါးဆု၊ အင်္ဂလိပ်ဘာသာပြန်ဖြင့် စာအုပ်ဆုနှစ်နှင့် စာမူဆုတစ် ဆုစုစုပေါင်း ၁၇ဆုဖြစ်သည်။ တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုပေးပွဲကို ဇန်နဝါရီအတွင်းရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပရန် လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကိုထပ်မံ ကြေညာမည်ဖြစ်သည်။ ဆုရရှိကြသူများသည် ရန်ကုန်မြို့အမှတ် (၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း -၀၁-၂၉၁၈၈၀ သို့အမြန် ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်းပေးပို့ကြရန်ဖြစ်သည်။ ၂၀၀၉ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသောစာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ဇန်နဝါရီ၄ရက်နေ့မှ စတင်၍ စက်တင်ဘာ၃၀ရက်အတွင်း ဖော်ပြပါလိပ်စာအတိုင်းဆက်သွယ်ပေးပို့နိုင်ကြောင်း၂၀၁၀ခုနှစ် ၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ကြိုးဖုန်း၊ ဆယ်လူလာနှင့် စီဒီအမ်အေခြင်းဖုန်းခေါ်ဆိုခ ပြောင်းလဲခြင်းမရှိ၊ မိုဘိုင်းလ်ဖုန်းခေါ်ဆိုခ တစ်မိနစ် ၅၀ကျပ်ထိ တရားဝင်တိုးမြှင့်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ငှားရမ်းအသုံးပြုခွင့်ပေးထားသော ဖုန်းလိုင်းများအနက် ကြိုးဖုန်း၊ ဆယ်လူလာဖုန်းနှင့် စီဒီအမ်အေခြင်းဖုန်းမှအပ မိုဘိုင်းလ်ဖုန်းအမျိုးအစားအားလုံး၏ မြို့တွင်းနှင့်နယ်ဝေး ခေါ်ဆိုခများအားလုံးကို တစ်မိနစ်လျှင် ငွေကျပ် ၅၀နှုန်းဖြင့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့မှ စတင်တိုးမြှင့်ကောက်ခံလိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဗိုလ်မှူးဝင်းဆွေ၏ တရားဝင်ပြောကြားချက်နှင့် ရန်ကုန်မြို့ ရွှေဂုံတိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဇန်နဝါရီလ ၁ရက်နေ့တရားဝင်ကြေညာချက်အရ သိရှိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အများပြည်သူသို့ ငှားရမ်းအသုံးပြုခွင့် ပြုထားသော မိုဘိုင်းလ်ဖုန်းများအနက် ဆယ်လူလာနှင့် ခြင်းဖုန်းဟုအများခေါ်ဆိုသုံးစွဲသည့် ဖုန်းနံပါတ် ၇၀.....၊ ၇၁...၊ ၇၂....နှင့်စသော CDMA 800 Fixed WLL ဖုန်းမှအပ GSM၊ CDMA 450MHz၊ WCDMA၊ အပါအဝင် မိုဘိုင်းလ်ဖုန်းအမျိုးအစားများအားလုံး၏ မြို့တွင်း၊ နယ်ဝေးဖုန်းခေါ်ဆိုခများကို တစ်မိနစ် ၅၀ကျပ်တစ်ပြေးညီသတ်မှတ်ခြင်း ဖြစ်ပြီး ဇန်နဝါရီလ ၁ရက်နေ့မှစတင်ကောက်ခံလိုက်ခြင်းဖြစ်ကြောင်း နေပြည်တော်အခြေစိုက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းလက်အောက်ရှိ မိုဘိုင်းလ် တယ်လီဖုန်းဌာန၊ အော်တိုတယ်လီဖုန်းဌာန၊ ငွေစာရင်းဌာနထံ ဆက်သွယ်မေးမြန်းချက်အရ သိရှိရသည်။ “မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အများပြည်သူဆက်ဖို့ လမ်းဘေးမှာ ဖွင့်ထားတဲ့အများပြည်သူသုံး (PCO ) ဖုန်းတွေရဲ့ ခေါ်ဆိုခနှုန်းထားက အရင်နှုန်းပါပဲ။ လုံးဝမပြောင်းပါဘူး” ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူ ဗိုလ်မှူးဝင်းဆွေကပြောကြားသည်။ “မိုဘိုင်းလ်ဖုန်းအမျိုးအစားအားလုံးရဲ့မြို့တွင်းရော၊ နယ်ဝေးရောဖုန်းခေါ်ဆိုခတစ်မိနစ် ၅၀ကျပ်ထိတိုးတာပါ။ အထွက်ခေါ်ဆိုခကိုပဲတိုးကောက်တာပါ။အဝင် Call ကိုပေးစရာမလိုပါဘူး”ဟုနေပြည်တော်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဒုတိယအင်ဂျင်နီယာချုပ်ဦးကြည်မျိုးလွင်ရုံးခန်းမှတာဝန်ရှိသူတစ်ဦး ကပြောကြားသည်။ ယခင်က မိုဘိုင်းလ်ဖုန်းခေါ်ဆိုခမှာ မြို့တွင်းတစ်မိနစ်လျှင် ငွေ ၂၅ ကျပ်၊ နယ်ဝေးခေါ်ဆိုခ ၃၅ကျပ်ကောက်ခံနေရာမှ ယခုကဲ့သို့တစ်မိနစ်လျှင် ငွေကျပ် ၅၀ထိတရားဝင်တိုးမြှင့် လိုက်ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ပထမအကြိမ် YANGON EXPO ‘2010 ကုန်စည်ပြပွဲ ကျင်းပမည်

ပြည်တွင်းပြည်ပမှ လူသုံးကုန်ပစ္စည်းတင်သွင်းဖြန့်ချိသူများ၊ ထုတ်လုပ်ရောင်းချသူများ၊ တစ်ဦးတည်း ကိုယ်စားလှယ်များ တစ်နေရာတည်းတွင် ထူခြားစုံလင်စွာစုစည်းပြသရောင်းချမည့် Yangon Expo’2010 ကုန်စည်ပြပွဲကြီးအား (၂၀၁၀)ဇန်နဝါရီ (၈)ရက်မှ (၁၁) ရက်အထိရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဟု သိရသည်။ ၎င်းပြပွဲတွင် အထွေထွေလူသုံးကုန်ပစ္စည်းများဖြစ်ကြသော အီလက်ထရောနစ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများမိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်အမျိုးမျိုး၊ အလှကုန်နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာပစ္စည်းများ၊ အမျိုးသားအမျိုးသမီးအဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ပြည်တွင်းပြည်ပဆေးဝါးများ၊ စိုက်ပျိုးမွေးမြူရေးသုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊အိမ်သုံးရုံးသုံးပရိဘောဂများ၊အိမ်ဆောက်ပစ္စည်းများ၊အိမ်ရာအရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊လုံခြုံရေးသုံးပစ္စည်းများ၊ကွန်ပျူတာသင်တန်းများ၊စက်မှုဖုန်ထုတ်ကုန်ပစ္စည်းများ၊မီးစက်နှင့်အထွေထွေစက်ပစ္စည်းများ၊စားသောက်ဆိုင်များနှင့် အခြားလူသုံးကုန်မျိုးစုံကို အထူးလျှော့ဈေးများ၊ အပိုမေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများ၊ အရစ်ကျငွေချေစနစ်များ ဖြင့်ပင်ရင်းကုမ္ပဏီကြီးများ၊ စက်ရုံကြီးများ၊ တစ်ဦးတည်းကိုယ်စားလှယ်များမှ တိုက်ရိုက်ပြသရောင်းချမည်ဖြစ်သည်ဟုသိရသည်။ ၎င်းပြပွဲတွင်ပြခန်းပေါင်း (၁၇၀)ကျော်ဖြင့် နေ့စဉ်နံနက် (၉)နာရီမှ ညနေ (၆)နာရီအထိ ပြသရောင်းချသွား မည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာဝယ်ယူနိုင်သည်ဟုသိရသည်။ ၎င်းပြပွဲကို Smart Business Group မှ စုစည်းကျင်းပခြင်းဖြစ်ပြီး Samsung Electronic မှ မိန်းစပွန်ဆာအဖြစ် ကူညီပံ့ပိုး၍ Super Cool Tire နှင့်Global မြေပဲဆီသန့်တို့မှ Co-Sponsor များအဖြစ်ကူညီပံပိုးပေးကြသည်ဟုသိရသည်။ပြပွဲတွင်ဖျော်ဖြေရေးအစီအစဉ်များအဖြစ်နာမည်ရစူပါမော်ဒယ်များမှ Model Show များ၊ Dancer Showe များ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများဖြင့် ပြပွဲလာပြည်သူများအား နေ့စဉ် အခမဲ့ဖျော်ဖြေပြသပေးသွားမည်ဟု သိရသည်။ ပြပွဲတွင်ပြခန်းများပါဝင်ပြသလိုပါက Smart Busines Group၊ ဖုန်း(၀၁-၆၆၃၈၃၇၊ ၀၉၅၀၉၉၀၇၉၊ ၀၉၈၆၂၀၆၀၀) သို့ဆက်သွယ်နိုင်ကြောင်း၂၀၁၀ခုနှစ်ဇန်နဝါရီ၁ရက်နေ့ထုတ်လျှပ်တစ်ပြက်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဒေါ်လာ၊ယွမ်၊ဘတ် ဈေးအနည်းငယ်ပြန်တက်

သည်ရက်ပိုင်းနိုင်ငံခြားငွေဈေးတွေ အနည်းငယ်ဈေးတက်လာတယ်လို့ သိရတယ်။ ' ငွေဈေးက တဖြည်းဖြည်းချင်းတက်လာနေတာ၊ ဒီလိုပဲ ဆက်တက်နေမယ်ဆိုရင်တော့ ပစ္စည်းတချို့လဲ ဈေးပြောင်းလာနိုင်တယ်' လို့ လူသုံးကုန်ရောင်းဝယ်သူတစ်ဦးက ပြောပါတယ်။ အမေရိကန်ဒေါ်လာငွေဈေးကသည်နေ့တစ်ဒေါ်လာကိုကျပ်၁၀၁၅၊၁၀၂၀ဝန်းကျင်အထိ ဖြစ်လာပြီး ယွမ်ဈေးကလည်း ကျပ် တစ်သိန်းကို ၆၆၃ယွမ်၊ ဘတ်ဈေးကတော့ တစ်ဘတ်ကို ကျပ် ၃၀ ဝန်းကျင်ရှိလာတယ်။ 'ဒေါ်လာဈေး၊ ဘတ်ဈေးတက်ပေမဲ့ဆက်တက်မလားစောင့်ကြည့်ရမယ်၊ ဒေါ်လာဈေးတက်ပေမဲ့ ကိုယ့်ပစ္စည်းက ချက်ချင်းလိုက်တက်လို့မရဘူး' လို့ သံဝင်ရိုးရောင်းဝယ်သူတစ်ဦးက ပြောပါတယ်။ အများစုက နိုင်ငံခြားငွေ ဈေးတက်လာတာကို စောင့်ကြည့်နေကြပါတယ်။ ရွှေ၊ စားသောက်ကုန်တွေက အပြောင်းအလဲ မြန်ပေမဲ့ တခြားလူသုံးကုန်တွေက ငွေဈေးအပြောင်းအလဲကြောင့် ချက်ချင်း မသိသာပေမဲ့ ရှေ့အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲကြကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## မန္တလေး၊ စစ်ကိုင်း CDMA ဖုန်းနံပါတ်ပြောင်းမည်

မန္တလေးတိုင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မန္တလေးနှင့် စစ်ကိုင်းမြို့တို့အတွင်း တပ်ဆင်အသုံးပြုလျက်ရှိသော CDMA 450MHz ဖုန်းနံပါတ်- ၀၉၆၉၇…များကို၀၉၆၅နံပါတ်များဖြင့် အခမဲ့ပြောင်းလဲပေးမည်ဖြစ်ကြောင်းဒီဇင်ဘာလ ၃၀ရက်နေ့ ထုတ်ပြန်ချက်အရသိရသည်။ ယင်းသို့ ပြောင်းလဲတပ်ဆင်ပေးမည့်အစီအစဉ်တွင် တယ်လီဖုန်းအမည်ပေါက်သူ ကိုယ်တိုင်လာရောင်လျှင်လျှောက်လွှာ၊ တယ်လီဖုန်း၊ တယ်လီဖုန်း Bill စာအုပ်နှင့် တယ်လီဖုန်းပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ယူဆောင်လာရန်နှင့် ကိုယ်စားလာရောက်လျှောက်ထားပါက အထက်ဖော်ပြပါအထောက်အထားများနှင့် အတူ ကိုယ်စားလှယ်လွှဲစာ (GP/ SP) တို့ယူဆောင်လာ၍ ၂၅လမ်း( ၈၀x၈၁) လမ်းကြားရှိတိုင်းမန်နေဂျာရုံး၊ စီးပွားရေးဌာနသို့ ကြေညာချက်ထုတ်ပြန်ပြီးနောက်ရက်မှစ၍ လျှောက်ထားနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၇ရက်နေ့မှ ၁၃ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်ံအများအားဖြင့်သာယာမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်အများအားဖြင့်သာယာမည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

ရောဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာတို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါ သည်။

# နိုင်ငံတကာသတင်း

## အာရှတခွင်လူကြိုက်များရေပန်းစားလာတဲ့ ကိုရီးယားအလှကုန်

ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်းများသည် သက်တမ်း ဆယ်နှစ်အောက်သာ ရှိသေးသော်လည်း ဂျပန်၊ ဥရောပ အလှကုန်ပစ္စည်းများနှင့် ယှဉ်လျှင် ဈေးနှုန်းသက်သာသောကြောင့် ဈေးကွက် လျင်မြန်စွာ ဖြန့်ကျက်လျက်ရှိသည်။ ကိုရီးယားအလှကုန်ပစ္စည်းကုမ္ပဏီအရေအတွက်သည်အနည်းငယ်သာရှိသော်လည်းငင်းတို့သည် ရုပ်ရှင်၊ခရီးသွားလုပ်ငန်း၊ မီဒီယာလောက စသည်တို့နှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ ကိုရီးယားအနုပညာရှင်များသည် အာရှတဝှမ်းတွင် အလွန်ကျော်ကြား ကြသည်။ ကိုရီးယား အလှကုန်ပစ္စည်းများသည် ဈေးနှုန်းသက်သာပြီး ချစ်စရာကောင်းကြောင်း၊ ဂျပန်အနုပညာရှင်များလည်း အသုံးပြုကြောင်း၊ ဂျပန်တွင်လည်း လူကြိုက်များကြောင်း ဂျပန်အမျိုးသမီးတစ်ဦးက ဆိုသည်။ ဂျပန်နိုင်ငံနည်းတူ တရုတ်၊ ဟောင်ကောင်နှင့် တရုတ်တိုင်ပေတို့တွင်လည်း ကိုရီးယားအလှကုန်ပစ္စည်း ဝယ်လိုအားသည် လျင်မြန်စွာ မြင့်တက်လျက်ရှိသည်။ ထိုဈေးကွက်သုံးခုသို့ တင်ပို့သည် ကိုရီးယားအလှကုန်ပစ္စည်းသည် စုစုပေါင်းပြည်ပတင်ပို့သည့် အလှကုန်ပစ္စည်း၏ ထက်ဝက်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးကျဆင်းမှုကာလ ၂၀၀၉ ခုနှစ်အစပိုင်းတွင်စတင်ခဲ့သောကိုရီးယားအလှကုန်ပစ္စည်းကုမ္ပဏီတစ်ခုသည် ယခုအခါ စတိုးဆိုင်ပေါင်း ၁၀၀ အထိ ဖြစ်လာခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ယင်းနှစ်ဆထိ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ၂၀၀၉ ခုနှစ် အတွင်းတွင် ကိုရီးယားအလှကုန်ပစ္စည်းလောကသည် ၁၂.၅% တိုးတက်ခဲ့သည်။ ယခု ၂၀၁၀ ခုနှစ်တွင် ကိုရီးယားအလှကုန်ပစ္စည်းများသည် အာရှတခွင်သို့ ဆက်လက် ပြန့်နှံ့နေဦးမည်ပင် ဖြစ်ပေသည်။ (စီအန်အေ)

## ဘေကျင်းဒေသ လူတစ်ဦးချင်း GDP ဒေါ်လာတစ်သောင်းကျော်မည်ခန့်မှန်း

တရုတ်နိုင်ငံ မြို့တော်ဘေကျင်းတွင် ၂၀၀၉ ခုနှစ်အတွက် လူတစ်ဦးချင်းစီ၏ GDP သည် ဒေါ်လာတစ်သောင်းအထက်တွင် ရှိနေမည်ဟု ခန့်မှန်းရကြောင်း စီးပွားရေးစီမံကိန်းအေဂျင်စီက ထုတ်ဖော်ပြောဆိုသည်။ မြို့တော်၏ စီးပွားရေးတိုးတက်မှုသည် ၉.၅%ဖြစ်ပေသည်။ အခွန်အကောက်အနေဖြင့် ဒေါ်လာ ၂၉.၈ ဘီလီယံရရှိမည်ဟု မှန်းထားသဖြင့် ယမန်နှစ်ကထက် ၁၀.၃% တိုးတက်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကြောင့် ဒေသတွင်းစက်မှုလုပ်ငန်းများအခြေခိုင်၍တိုးတက်မှုရရှိကြသည်။ ဘေကျင်းမြို့တော်အနေဖြင့် တိုးတက်မှုအရှိန်မပျက်စေရန်အတွက် ၂၀၀၉ ခုနှစ်အတွင်းတွင် အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခဲ့သည်။ယမန်နှစ်က ဘေကျင်းတွင် တစ်ဦးချင်း GDP သည် ဒေါ်လာ ၉၀၇၅ ဖြစ်သည်။ (ဆင်ဟွာ)

## ဥရောပတွင် ဆောင်းရာသီဆိုးဝါး

ကြာသပတေးနေ့က နှင်းထုထဲစွာကျရောက်သဖြင့် ဓါတ်အားလိုင်းပြိုလဲမှုများဖြစ်ပေါ်၍ ရေလက်ကြားဖြတ် ဥမင်အတွင်းတွင်အမြန်ရထားတစ်စင်းရပ်ဆိုင်းသွားခဲ့ရသဖြင့်ခရီးသည်များ ဥမင်အတွင်း သောင်တင်နေခဲ့ကြရသည်။ ဥရောပတလွှားတွင် ဆယ်စုနှစ်အတွင်းဆိုးဝါးရက်စက်ဆုံးသော ဆောင်းရာသီကျရောက်နေသဖြင့်အဝေးပြေးလမ်းများစွာ ပိတ်ထားခဲ့ရပြီးလျှင် လေကြောင်းခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရသည်။ အင်္ဂလန်နိုင်ငံ အနောက်မြောက်ဘက်မန်ချက်စတာဒေသတွင်အပူချိန်သည်အနုတ်၁၈ဒီဂရီ C အထိကျရောက်ခဲ့သည်။ ဤအတောအတွင်း အီတလီနိုင်ငံ ဒေသအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် တိုင်ဘာမြစ်ရေလျှံ၍ မြို့တော်ရောမအား ခြိမ်းခြောက်လျက်ရှိသည်။ (အေအက်ဖ်ပီ)

## ကျန်းမာရေးဝန်ဆောင်မှုပေးသည့်ဝန်ထမ်းများ ပြည်ပမှ ဂျပန် ခေါ်ယူ

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အသက်ကြီးလူတန်းစား လျင်မြန်စွာ တိုးတက်လာနေသော နိုင်ငံတစ်ခုဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများအတွက်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများလည်း လိုအပ်လျက်ရှိပေသည်။ ဂျပန်နိုင်ငံသည် အလုပ်လက်မဲ့နှုန်းမြင့်မားလျက်ရှိနေသော်လည်း ဂျပန်နိုင်ငံသားများသည် လုပ်ခနည်းပါးပြီး လုပ်အားအလွန်စိုက်ထုတ်ရသော အလုပ်မျိုးတွင် လုပ်ချင်စိတ်မရှိကြပေ။ ထို့ကြောင့် လုပ်အား ပြတ်လတ်မှုပြဿနာအား ဖြေရှင်းနိုင်ရန်အတွက် ဂျပန်နိုင်ငံသည် ပြည်ပသူနာပြုနှင့်ကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်းများအတွက် တံခါးဖွင့်ပေးလိုက်ပေသည်။ အသက် ၂၅ နှစ်ရှိသော ဖိလစ်ပိုင်သူတစ်ဦးသည်တိုကျိုမြို့သို့ မေလ၂၀၀၉ ခုနှစ်က ရောက်ရှိလာပြီးဂျပန်စာသင်ယူလျက်ရှိသည်။ ယခုအခါ သူမသည် ကျန်းမာရေးစောင့်ရှောက်မှုစင်တာတစ်ခုတွင် အလုပ်ရရှိသွားခဲ့သည်။ သူမသည် မိသားစုအား ထောက်ပံ့နိုင်ရန်နှင့် သူမ၏ ဘဝ တိုးတက်ရေးတို့အတွက် ဂျပန်နိုင်ငံအား လာရောက်ခဲ့ခြင်းဖြစ်သည်။ သူမသည် ဖိလစ်ပိုင်နိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်ရေးစင်တာတစ်ခုတွင်သုံးနှစ်ခန့် အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ဂျပန်အစိုးရသည် ၂၀၀၉ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံမှ ကျန်းမာရေးလုပ်သားပေါင်း ၄၅၀ ခန့် လက်ခံခဲ့သော်လည်း ၆၀% ခန့်သာ ဂျပန်နိုင်ငံသို့ ရောက်ရှိနေသေးသည်။ (အေအက်ဖ်ပီ)

## ဒေါ်လာဈေးကျ၍ ရေနံစိမ်းဈေး ဒေါ်လာ ၈၃ ကိုကျော်

ဗုဒ္ဓဟူးနေ့တွင် ဒေါ်လာသည် ယူရိုနှင့်ယှဉ်လျှင် အားနည်းနေသောကြောင့် ရေနံစိမ်းဈေးသည် ၁၄ လအတွင်း ပထမအဆုံးအကြိမ်အဖြစ်တစ်စည်လျှင် ၈၃ ဒေါ်လာကို ကျော်လွန်သွားခဲ့သည်။ နယူးယောက်ဈေးကွက်တွင် အပေါ့စားရေနံစိမ်းသည် ဒေါ်လာ ၁.၄၁ ခုန်တက်သွား၍ ၈၃.၁၈ ဒေါ်လာဈေးနှုန်းပေါက်ခဲ့သည်။ နောက်ပိုင်းတွင် ဒေါ်လာ ၈၃.၅၂ အထိတက်သွားခဲ့သည်။ လန်ဒန်ရေနံစိမ်းဈေးနှုန်းသည် ၁.၇၀ ဒေါ်လာ တက်သဖြင့် ဒေါ်လာ ၈၁.၈၉ ဖြင့် ဈေးပိတ်ခဲ့သည်။ ဇန်နဝါရီ ၁ ရက်နေ့ကုန်ဆုံးသောရက်သတ္တပတ်အတွက်လက်ကျန်ရေနံပမာဏသည် စည်ပေါင်း ၁.၃ သန်း တိုးတက်ခဲ့သည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ ကြေငြာသည်။ မြောက်ကမ္ဘာခြမ်းတွင် ဆောင်းရာသီဝင်ရောက်နေဆဲဖြစ်သဖြင့် လာမည့်ရက်များတွင် မီးထိုးဆီလိုအပ်ချက်သည် ၁၁% အထိ မြင့်တက်လာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းပြောဆိုကြသည်။ (အေအက်ဖ်ပီ)

## ချွေတာရေးလေကြောင်းလိုင်း နှစ်ခု ပထမဆုံးအကြိမ်ပူးပေါင်း

အာရှ၏ ချွေတာရေးလေကြောင်းလိုင်း ဈေးကွက်ကို တစ်မျိုးတဖုံ ပြောင်းလဲစေမည့် ပူးပေါင်းမှုတစ်ခုကို ဂျက်စတားလေကြောင်းလိုင်းနှင့် အဲအေးရှားလေကြောင်းလိုင်းတို့က ဗုဒ္ဓဟူးနေ့တွင် စတင်လိုက်ကြောင်း ထုတ်ပြန်ကြေငြာသည်။ ဤသို့ပူးပေါင်းခြင်းဖြင့် လေယာဉ်လက်မှတ်ခများ လျော့ကျ၍ အခြားသော စရိတ်များကို လျှော့ချနိုင်မည် ဖြစ်သည်။ ကမ္ဘာ့စရိတ်နည်းလေကြောင်းလိုင်းများအကြားတွင် ပထမဆုံးပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် အသုံးစရိတ်ကဏ္ဍတွင် ဒေါ်လာသန်းပေါင်းများစွာသက်သာသွားမည်ဟုဂျက်စတားစီအီးအို ဘူချနန်က ပြောဆိုသည်။ ဂျက်စတားသည် ဩစတြေးလျ ဦးဆောင်လေကြောင်းလိုင်းဖြစ်သည့် ကွမ်တာ၏ လက်ခွဲတစ်ခုဖြစ်သည်။ ၎င်းသည် အာရှတွင် အကြီးဆုံးချွေတာရေးလေကြောင်းလိုင်း ဖြစ်သည့် မလေးရှားမှ အဲအေးရှားလေကြောင်းလိုင်းနှင့် စက်အစိတ်အပိုင်းများ လဲလှယ်သုံးစွဲခြင်း၊ မြေပြင်နှင့် ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းများ ခွဲဝေဆောင်ရွက်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် လေကြောင်းလိုင်းတစ်ခုမှ ခရီးသည်များသောင်တင်နေပါက အခြားလေကြောင်းလိုင်းကကူညီသယ်ဆောင်ပေးမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## ရေနံများနဲ့ ညစ်ညမ်းနေသော တရုတ်မြစ်ဝါမြစ်

တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် ရေနံပိုက်လိုင်းတစ်ခု ကျိုးပေါက်မှုကြောင့် ရေနံများစိမ့်ထွက်လျှက်ရှိပြီး ယခုအခါ နိုင်ငံ၏ အဓိကရေရင်းမြစ်ကြီးတစ်ခုဖြစ်သောမြစ်ဝါမြစ်ထဲသို့ စီးဝင်လျက်ရှိနေပြီဖြစ်ကြောင်း တရုတ်သတင်းမီဒီယာများက ဆိုသည်။ ရာပေါင်းများစွာသော အလုပ်သမားများသည် ရေနံစိမ့်ထွက်ရာနေရာအား ပိတ်ရန်ကြိုးစားလျက်ရှိသည်။ Zhengzhou ဒေသမှနေ၍ စီးဆင်းလာသော ရေနံစီးကြောင်းသည် မိုင်ပေါင်း 124 မိုင်ရှည်လျားသည်။ ရှန်ဇီးပြည်နယ်တွင် မြစ်တွင်းမှ ပစ္စည်းများအား ဆယ်ယူခြင်းမပြုရန်နှင့် မြစ်ရေအား သောက်သုံးခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားသည်။ ရှန်ဇီးပြည်နယ်ရှိ မြစ်ဝါမြစ်အတွင်းတွင် ဒီဇယ်လီတာပေါင်း တစ်သိန်းခွဲခန့် စီးဆင်း လျက်ရှိသည်။ ရေနံရှင်းလင်းရေးလုပ်ငန်းများအတွက် အေးသော ရာသီဥတုအခြေအနေက အထောက်အကူပြုလျက်ရှိသည်။ (ဘီဘီစီ)

## ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ ဒူဘိုင်းတွင်ဖွင့်လှစ်

ပင်လယ်ကွေ့ဒေသ ဒူဘိုင်းစော်ဘွားနိုင်ငံသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သော အဆောက်အဦတစ်ခုကို ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။စီးပွားရေးဖွံ့ဖြိုးတိုးတက်စဉ်၂၀၀၄ ခုနှစ်မှစ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်စဉ်က Burj Dubai ဟု အမည်ပေးထားသော်လည်း မကြာသေးမီက ဘဏ္ဍာရေးအခက်အခဲကာလတွင် UAE နိုင်ငံမှအကူအညီပေးခဲ့သည်ကို ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် UAE နိုင်ငံ သမ္မတ၏ အမည်ကိုယူ၍ Burj Khalifa ဟု အမည်သစ်ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းသည် ၈၂၈ မီတာမြင့်၍ အထပ်ပေါင်း ၁၆၀ ပါဝင်သည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဓါတ်လှေခါးတပ်ဆင်ထား၍ ကမ္ဘာ့အမြင့်ဆုံး ဗလီသည် ၁၅၈ ထပ်တွင် တည်ရှိလေသည်။ ယင်းအဆောက်အဦ၏ ခေါင်မိုးကိုမိုင်၆၀အဝေးမှပင် မြင်နိုင်လေသည်။ (ဘီဘီစီ)

## ဘေကျင်းတွင် နှင်းထူးကဲစွာကျရောက်

တရုတ်နိုင်ငံ မြို့တော်ဘေကျင်းနှင့် အနီးအနားရှိ တီအန်ဂျင်ဆိပ်ကမ်းမြို့များတွင် နှစ် ၆၀ အတွင်း အဆိုးဝါးဆုံးသောနှင်းကျရောက်မှုကြောင့်ကျောင်းများအားလုံးပိတ်ထားခဲ့ရသည်။ နှင်းထုမှာ ၁၂ လက်မအထိ ရောက်ရှိခဲ့သဖြင့် နိုင်ငံမြောက်ပိုင်းသို့ သွားသော အဝေးပြေးလမ်းမကြီး သုံးဆယ်နှင့် ဘေကျင်းနိုင်ငံတကာလေဆိပ်တို့တွင် ခရီးစဉ်များ ရပ်ဆိုင်းထားသဖြင့် ခရီးသွားထောင်ပေါင်းများစွာ သောင်တင်လျက်ရှိသည်။ လမ်းကြောင်းများ ပိတ်ထားရသဖြင့် အချို့လုပ်ငန်းများ ရပ်ဆိုင်းထားရပြီးလျှင် စားသောက်ကုန်ဈေးနှုန်းများ မတန်တဆမြင့်တက်လာမည်ကို သက်ဆိုင်ရာက စိုးရိမ်လျက်ရှိသည်။ ယမန်နေ့ကမူ လေထုအပူချိန်သည် အနုတ် 32 ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံသာမက ကိုရီးယားကျွန်းဆွယ်၏ အစိတ်အပိုင်းအတော်များများတွင်လည်း နှင်းထုဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရှိရသည်။ (ဘီဘီစီ)

## အွန်လိုင်းခိုးယူမှုဆိုင်ရာဥပဒေ ပြင်သစ်တွင်ပြဌာန်း

ပြင်သစ်နိုင်ငံသည် ယမန်နေ့က အင်တာနက် တရားမဝင်ခိုးယူခြင်းအား တားမြစ်သည့် ဥပဒေတစ်ရပ်ကို ပြဌာန်းနိုင်ခဲ့သည်။ အင်တာနက်အား ချုပ်ချယ်မှုကို မလိုလားသော အသင်းအဖွဲ့များ၏ ပြင်းထန်သော ဆန့်ကျင်မှုများကြားမှပင် ၎င်းဥပဒေကို ပြဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်တာနက်မှ တရားမဝင် ဆွဲယူကြည့်ရှုသူများသည် ပထမတွင် email သတိပေးချက်တစ်ခု လက်ခံရရှိမည်ဖြစ်သည်။ ဆက်လက်၍ ကျူးလွန်ပါက စာဖြင့် သတိပေးခြင်းခံရမည်ဖြစ်သည်။ ရပ်တန့်ခြင်းမရှိပါက တရားရုံးတွင် တရားစွဲဆိုခံရမည်။ တရားရုံးက ကျူးလွန်သူအား ဒဏ်ငွေချမှတ်ခြင်း သို့မဟုတ် အင်တာနက်ဝင်ရောက်မှုအား ပိတ်ပင်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။ ၎င်းဥပဒေ အကောင်အထည်ဖော်ရန် မူပိုင်ခွင့် အေဂျင်စီတစ်ခု (Hadopi) ကို ဖွဲ့စည်းထားမည်ဖြစ်သည်။ ပညာရှင်တို့၏ ဖန်တီးမှုလုပ်အားကို အကာအကွယ်ပေးရာတွင် ယခုဥပဒေသည် တကမ္ဘာလုံးအတွက် စံနမူနာပြဖြစ်မည်ဟု ဝေဖန်သူများက ပြောဆိုကြသည်။ (ဘီဘီစီ)

# သတင်းအတို

## မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာရေးနည်းလမ်းညွှန်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလွှာမှ ကြီးမှူးကျင်းပမည့် ဝတ္ထုတို၊ ကဗျာနှင့် ဆောင်ပါးရေးနည်းအခြေခံများကို စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် လယ်တွင်းသား စောချစ်၊ မနသသကျော်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ သူရဇော်၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ညွှန့်ဟန်(ကြူတော)၊ မောင်ကျေးဖူး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ကြူကြူသင်း၊ မစန္ဒာ၊ ချိုမြန္မယ်နှင့် မနင်းဖွေးတို့က ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၂၇ရက်အထိ တစ်လတာအပတ်စဉ် အင်္ဂါနေ့မှ စနေနေ့အထိ မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အသက်(၁၆)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်ပြီး သင်တန်းမှ သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ကာ သင်တန်းကြေးငွေကျပ် ၁၀၀၀၀ ကို ပေးသွင်းရမည်ဖြစ်သည်။ သိလိုသည်များကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး အမှတ်(၅၂၉)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၄၁၇ နှင့် ၃၈၅၂၇၃ တို့သို့ စုံစမ်း၍ ဇန်နဝါရီ ၁၃ရက်မှ ၂၄ရက်အထိ နောက်ဆုံးထားပြီး ဓာတ်ပုံ နှစ်ပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူတင်သွင်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ကိုရီးယားသမ္မတနိုင်ငံအစိုးရက ပညာတော်သင်ဆု ခေါ်ယူ

ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံအကြားအပြန်အလှန် ချစ်ခင်ရင်းနှီးမှုနှင့် ပညာရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အတွက် ရည်ရွယ်၍ ကိုရီးယားသမ္မတနိုင်ငံအစိုးရသည် “Year 2010 Korean Government Scholarship Program for Undergraduate Students” ပညာတော်သင်ဆုများကို မြန်မာကျောင်းသား ငါးဦးတို့အား ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပညာသင်ဆုကို အသက်(၂၅)နှစ်အောက် အထက်တန်းကျောင်းအောင်မြင်ပြီးသူ မည်သူမဆို လျှောက်ထားနိုင်ပြီး လျှောက်လွှာအပါ အဝင်လိုအပ်သည့် အသေးစိတ်အချက်အလက်များကို http://www.niied.go.kr တွင် ကြည့်ရှုနိုင်ကြောင်း၊ ဖြည့်စွက်ပြီးလျှောက်လွှာများကို ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထားပြီး ကိုရီးယားသံရုံးသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌“ ရာသီဥတုပြောင်းလဲခြင်းနှင့် လူသားတိုင်း၏ တာဝန်”ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်မှု Yuzana Group ၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ၉ရက်( စနေနေ့)မွန်းလွဲ၂နာရီတွင် ရန်ကုန်တိုင်းအင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာထွန်း(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်(ငြိမ်း)၊ စာရေးဆရာမ ဂျူးနှင့် သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းတို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး ဦးဝင်းမျိုးသူ( Ecodev )က Facilitator အဖြစ် ဆောင်ရွက်ကာ“ ရာသီဥတုပြောင်းလဲခြင်းနှင့် လူသားတိုင်း၏ တာဝန်”(Global Climate Change & our responsibilities)ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၇ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## မိုဘိုင်းဖုန်းဝန်ဆောင်မှုသစ်တစ်ခုကို မြန်မာ့ဆက်သွယ်ရေးနှင့် ပုဂ္ဂလိကနည်းပညာကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်ပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကနည်းပညာကုမ္ပဏီနှစ်ခုတို့ပူးပေါင်း၍ မိုဘိုင်းဖုန်းများနှင့် ပတ်သက်သော ဝန်ဆောင်မှုအသစ်တစ်ခုကို မကြာမီအချိန်အတွင်း စတင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ယင်းဝန်ဆောင်မှုမှာ မိုဘိုင်းဖုန်းနံပါတ်တစ်ခုအား ခေါ်ဆိုမည်ဆိုပါက တစ်ဖက်မှ မိမိခေါ်ဆိုသော ဖုန်းပိုင်ရှင်မှ ဖုန်းမကိုင်မီအတွင်း ဖုန်းဝင်သွားသည့်အသံ (Ring Back Tone ) အားကြိုက်နှစ်သက်ရာတေးသီချင်းများဖြင့် အစားထိုးထည့်သွင်းနိုင်မည့် ပုံစံမျိုးဖြစ်ကြောင်းသိရသည်။ အဆိုပါ ဝန်ဆောင်မှု၏ အမည်မှာ Color Ring Back Tone ဟူ၍ ဖြစ်သည်။ “ကိုယ်ကဖုန်းနံပါတ်တစ်ခု၊ မိုဘိုင်းဖုန်းနံပါတ်တစ်ခု၊ မိုဘိုင်းဖုန်းနံပါတ်တစ်ခုကို ခေါ်ပြီဆိုပါတော့။ ဖုန်းဝင်သွားပြီဆို တစ်ဖက်က ဖုန်းမကိုင်မချင်း“ တူ၊ တူ၊ တူ” ဆိုပြီးပဲမြည်နေမယ်လေ။ အဲဒီ “တူ၊ တူ၊ တူ” ဆိုတဲ့ ring back နေရာမှာ ကိုယ်ထည့်ချင်တဲ့ သီးချင်းတီးလုံးတွေကို အစားထိုးထည့်ပေးမယ့်ဝန်ဆောင်မှုတစ်ခုပါ” ဟုအဆိုပါ နည်းပညာကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ ဝန်ဆောင်မှုပေးမည့် Fortune International Co., Ltd မှ တာဝန်ရှိသူ ဦးရဲမင်းသန့်က ပြောသည်။ မိမိ၏ မိုဘိုင်းဖုန်းများအားတခြားသူတစ်ယောက် ခေါ်ဆိုပါက မိမိဘက်မှ အကြောင်းအမျိုးမျိုးကြောင့် ဖုန်းမကိုင်မချင်းထည့်သွင်းထားသည့် သီချင်းသံမြည်နေမည်ဖြစ်သဖြင့် တစ်ဘက်မှ (ဖုန်းခေါ်ဆိုသူမှ) ဖုန်းသီချင်းနား ထောင်ရင်းဖုန်းကိုဆက်လက်ခေါ်ထားနိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးထားသော နည်းပညာဝန်ဆောင်မှုတစ်ခုဖြစ်ကာ ပြည်တွင်း၌ ပထမဦးဆုံးသောဝန်ဆောင်မှုဖြစ်လာသည်ဟု ၂၀၁၀ခုနှစ် ဇန်နဝါရီ၇ရက်နေ့ထုတ် 7Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နည်းပညာနှင့် ထုတ်ကုန်ဆိုင်ရာပြပွဲတွင် ပြခန်းပေါင်း ၆၀ကျော်ပါဝင်ပြသမည်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကြီးမှူးကျင်းပသည့် အင်ဂျင်နီယာနည်းပညာနှင့် ထုတ်ကုန်ဆိုင်ရာ ပြပွဲတွင် ပြခန်းပေါင်း ၆၀ကျော်ပါဝင်ပြသမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပြပွဲကို ဇန်နဝါရီလ ၁၅ရက်နေ့မှ ၁၈ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ပြပွဲတွင် အဓိကအားဖြင့်အင်ဂျင်နီယာနည်းပညာဆိုင်ရာလုပ်ငန်းများ၊ အင်ဂျင်နီယာပညာ ရပ်ဆိုင်ရာထုတ်ကုန်ရောင်းဝယ်ရေးလုပ်ငန်းများနှင့် အင်ဂျင်နီယာနည်းပညာများကို သင်ကြားပို့ချလျက်ရှိသော သင်တန်းများပါဝင်မည်ဖြစ်ကြောင်းသိရသည်။ ယခင်နှစ်များက ပြုလုပ်ခဲ့သည့်နည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများပြပွဲတွင်ပြခန်းပေါင်း ၅၀ကျော်ပါဝင်ပြသခဲ့ပြီး မုန်တိုင်းဒဏ်ခံအဆောက်အဦဆောက်လုပ်ပုံနမူနာကို ဆောင်လုပ်ပြသခဲ့ပြီးယခုနှစ်တွင် ငလျင်ဒဏ်ခံအဆောက်အဦဆောက်လုပ်ရမည့်နည်းပညာများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်သည့်စာတမ်းဖတ်ပွဲများပါဝင်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် ပထမဆုံး Photo Agency ဖွဲ့စည်းမည်

မြန်မာနိုင်ငံတွင် ပထမဆုံး Photo Agency ကိုဖွဲ့စည်းသွားမည်ဖြစ်ပြီး ၎င်းအတွက် ဓါတ်ပုံရိုက်ကူးခြင်းပညာရပ်များကို ပညာဒါန(အခမဲ့)သင်ကြားပေးမည်ဟု သိရသည်။ အဆိုပါသင်တန်းကို ဇန်နဝါရီလလယ်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသက် ၁၈နှစ်မှ ၂၅ကြား လူငယ်များတက်ရောက်နိုင်ကြောင်း Agency ဖွဲ့စည်းမည့် ဆရာကြီးဦးမောင်မောင်စိုးက ပြောသည်။ “Agency ဖွဲ့ပြီးဘဲ့နှင်းသဘင်၊ မင်္ဂလာအခမ်းအနား၊ ဧည့်ခံပွဲ၊ မွေးနေ့ပွဲနဲ့ အခမ်းအနားမျိုးစုံကို ကန်ထရိုက်ယူပြီး ရိုက်ကူးပေးမယ်။ ဒီအတွက် လူငယ်ဓာတ်ပုံသမားတွေ လိုအပ်တယ်။ သင်တန်း (၂)လတက်ရမယ်။ သင်တန်းပြီးရင်တော့ ဝင်ငွေပြန်ရမယ်။ ပြိုင်ပွဲဝင်နဲ့စီးပွားဖြစ်နှစ်မျိုးလုံးသင်ပေးမယ်။ သင်တန်းသားတွေကို အုပ်စုဖွဲ့ပြီး Agency လုပ်မှာပါ” ဟု ၎င်းက

ထပ်မံပြောကြားခဲ့သည်။ ယင်းသင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများသည် အမှတ် ၃၅ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉-၂၀၂၄၈၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ၄ရက်နေ့ထုတ် Commerce ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အင်းဝစာအုပ်တိုက် ပြောင်းရွှေ့ဖွင့်လှစ်

အင်းဝစာအုပ်တိုက်ကို ယခင် ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)၊ အမှတ်-၃၀၁၊ မြေညီထပ်သို့ ၁-၁-၂၀၁၀ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အင်းဝစာအုပ်တိုက်နှင့် စိတ်ကူးချိုချို စာအုပ်တိုက်တို့ ပူးပေါင်း၍ နှစ်သစ်ကြိုပညာရေးစာအုပ်ပွဲတော်ကို ၁-၁-၂၀၁၀ရက်မှ ၁၀-၁-၂၀၁၀ ရက်အထိ ပြုလုပ်လျက်ရှိသည်။ ပွဲတော်တွင် အင်းဝစာအုပ်တိုက်ထုတ် နိုင်ငံတကာမှ တင်သွင်းသော ပညာရေးဆိုင်ရာ စာအုပ်များ၊ မြန်မာစာအဖွဲ့နှင့် ပူးပေါင်းထုတ်ဝေထားသည့် အင်္ဂလိပ်-မြန်မာ အဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်စာအုပ်များကို ၁၀ ရာခိုင်နှုန်းနှင့် စိတ်ကူးချိုချို စာအုပ်တိုက်ထုတ် အင်္ဂလိပ်ဘာသာစကားအပါအဝင် စာသင်သုံး၊ ကလေးသူငယ်သုံး ပညာရေးစာအုပ်များကို ၂၀ရာခိုင်နှုန်းနှင့် အခြားစာအုပ်များကို ၁၅ရာခိုင်နှုန်း လျှော့ချရောင်းချမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## Myanmar ICT Awards Competition ကျင်းပမည်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ Myanmar ICT Awards Competition အားကျင်းပမည်ဖြစ်ရာပြိုင်ပွဲဝင်လိုသူများသည် လျှောက်လွှာများကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁၅ရက်နေ့နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။ Professional of the year အတွက် ရွေးချယ်မှုကို မေးခွန်းလွှာများပေးပို့၍ ရွေးချယ်သွားမည်ဖြစ်ပြီး Web Site နှင့် Mobile Application အတွက် ပြိုင်ပွဲဝင်လျှောက်လွှာများကိုဖြည့်စွက်ပြီးပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။ Website နှင့် Mobile Application အတွက် စည်းကမ်းချက်များမှာ ပြိုင်ပွဲဝင်သူ သည်မိမိ၏ Project အားစီဒီနစ်စုံဖြင့် ပေးပို့ရမည်ဖြစ်ပြီး Site၊ Application ၏ရည်ရွယ်ချက်များ၊ ပါဝင်သည့် အကြောင်းအရာများ၊ ဈေးကွက်ရရှိမှုအခြေအနေများ၊ ထူးခြားချက်များ၊ နည်းပညာနှင့် အကျိုးကျေးဇူးစသည့်တို့ကိုပြည့်စုံစွာရေးသား၍လျှောက်လွှာနှင့်အတူ ပူးတွဲပေးရမည်ဖြစ်ကြောင်း၂၀၁၀ခုနှစ် ဇန်နဝါရီ ၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ထောက်ခံချက်တွေမလိုဘဲ ယာဉ်/ယန္တရားများ လျှောက်ထားနိုင်ပြီ

၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ယာဉ်/ယန္တရားများလိုင်စင်လျှောက်ထားရာတွင် ဌာနဆိုင်ရာထောက်ခံချက်များ လိုအပ်တော့မည်မဟုတ်ကြောင်းသိရှိရပါသည်။ Box Truck ၊ Truck များလျှောက်ထားပါက "ဘယ်မောင်း" ဖြစ်ရပါမည်။ Bus များလျှောက်ထားပါက Brand New ဘယ်မောင်းဖြစ်ရန်လိုအပ်ပါသည်။ Bus မှအပ ကျန်လုပ်ငန်းသုံးယာဉ်များလျှောက် ထားပါက Reconditioned ၊ Brand New နှစ်မျိုးစလုံးလျှောက်ထားနိုင်ပါသည်။ ၂၀၀၃ခုနှစ်မှ ၂၀၁၀ပြည့်နှစ်ထိ ကြိုက်နှစ်သက်ရာ Model Year ကိုရွေးချယ်နိုင်ပြီးသတ်မှတ်ထားသည့် Specification အားပြည့်စုံစွာဖော်ပြလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်ကို သက်ဆိုင်ရာဦးစီးဌာန ကြော်ငြာသင်ပုန်းတွင်ကပ်ထားကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ၄ရက်နေ့ထုတ် Commerce ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆိုင်ကယ်အသစ်များထောက်ခံချက်မလိုဘဲတင်သွင်းနိုင်ပြီ

၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ပြည်ပမှ မော်တော်ဆိုင်ကယ်များ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်းသတင်းရရှိပါသည်။ တင်သွင်းသည့်အခါ လုပ်ငန်းရှင်သည် ပြည်ပပို့ကုန်မ ရငွေဖြင့် တင်သွင်းသွားရမည်ဖြစ်ပါသည်။ အသေးစိတ်ကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနတို့တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ၄ရက်နေ့ထုတ် Commerce ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဒါရိုက်တာ ကြည်စိုးထွန်းက "စာပေနှင့် ရုပ်ရှင်ခရီး" ( Literature & Motion Picture ) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒါရိုက်တာ ကြည်စိုးထွန်းက စာပေနှင့် ရုပ်ရှင်ခရီး ( Literature & Motion Picture ) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ရက်( ကြာသပတေးနေ့) ညနေ၄နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲသို့ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး ဟောပြောပွဲများကို လတစ်လ၏ ပထမပတ်ကြာသပတေးနေ့ တိုင်းတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အောင်ဆန်းတပ်ဦးဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ ရင့်ကျက်စိတ်ထားဉာဏ်စွမ်းအားမြှင့်

ကဲ.... လေကို ရှူသွင်းလိုက်၊ ရှိုက်လိုက်၊ ခဏလေး အသက်အောင့်ထားကြည့်၊ ဘာစိတ်ပေါ်မလဲ၊ ထုတ်ချင်တယ်၊ ထုတ်ချင်တယ်။ မထုတ်ရမနေနိုင်၊ မနေနိုင်၊ တစ်စိတ် တစ်စိတ်မတူညီတာလေးတွေ တွေ့လာမယ်နော်။ ပထမတော့လေကို ထုတ်ချင်တယ်။ ထုတ်ချင်တယ်။ နောက်ကျတော့ ထုတ်ချင်တယ်။ ထုတ်ချင် တယ်၊ ထုတ်ချင်တယ်၊ မချိမဆံ့ဖြစ်လာရော။ ဟော.... မနေနိုင်တော့ဘူးဆိုတဲ့ စိတ်ပေါ်လာပြီ။ ထုတ်လိုတဲ့စိတ် ပေါ်လာပြီ။ တစ်စိတ်၊ တစ်စိတ်၊ တစ်စိတ်နော်။ အဲ့ဒီတော့ တစ်စိတ်ချုပ်၊ တစ်စိတ်အစားထိုး။ အဲ့ဒီကနေ လေကိုထုတ် ချင်တဲ့စိတ်၊ လေကိုသွင်းချင်တဲ့စိတ်သည် တစ်စိတ်လား၊ စိတ်ပေါင်းမြောက်မြားစွာလာဆိုတော့ စိတ်ပေါင်းမြောက်မြားစွာ။ အဲ့ဒါကို မြင်အောင်ရှုရမယ်။ သို့သော်ခုကလို လေကိုအောင့်ဖို့၊ မရှိုက်ဘဲထားဖို့ ပြောတာ မဟုတ်ဘူးနော်။ ဒီ ထုတ်ချင်တဲ့စိတ်၊ သွင်းချင်တဲ့စိတ်ကို ဒီလိုစမ်းသပ်ကြည့်ရင် မြင်နိုင်တယ်လို့ ဘုန်းကြီးက ယောဂီ တို့ကို စမ်းသပ်ခိုင်းတာ။ တကယ်ရှုရတာကတော့ သူ့အတိုင်း အသက်မှန်မှန်ရှူပါစေပေ့ါ။ အဲ့ဒီတော့ လေကို ထုတ်ချင်တဲ့စိတ်၊ လေကိုသွင်းချင်တဲ့စိတ် သိပြီဆိုရင်၊ မြင်ပြီဆိုရင် အဲ့ဒီအတိုင်း တန်းကြည့်။ ကြည့်လိုက်တဲ့အခါကျ တော့ စိတ်တွေတစ်စိတ်နဲ့ တစ်စိတ်မတူတာတွေ တွေ့ရမယ်။ အဲ့ဒီစိတ်သည် အိမ်သည် စိတ်ဆိုတော့ အိပ်ပျော်နေတဲ့ စိတ်၊ ဘဝင်စိတ်ကလွဲ၍ ကျန်တဲ့အချိန် ဒီစိတ်ရှိရတယ်။ အဲ့ဒါကြောင့် ဒီလေကို ထုတ်ချင်တဲ့စိတ်၊ သွင်းချင်တဲ့စိတ်သည် အိမ်ရှင်လို မဖြစ်မနေရှိနေသည့်အတွက် ဒါအိမ်သည်စိတ်။ အဲ့ဒါဝိပဿနာ အရှုခံပဲ။

အဲ့ဒီ ခုနပြောသွားတဲ့ ၅+၆+၂ဆိုတော့ ၁၃၊ ဒီစိတ် ၁၃-ပါးသည် တခြားမဟုတ်ဘူး။ အရှုခံတရားပဲ။ အဲ့ဒါ စိတ္တာနုပဿနာရှုတဲ့ အရှုခံလို့မှတ်ပါ။ ဒီလိုဖြင့်အရှုခံက စိတ် ၁၃-မျိုး၊ အရှုဉာဏ်က မဂ္ဂင် ၅-ပါး။ စိတ် ၁၃-မျိုးလို့ ခွဲပြောသော်လည်း စိတ်တစ်စိတ် ပေါ်တိုင်း၊ ပေါ်တိုင်းခန္ဓာ ၅-ပါး။ အဲတော့ အရှုခံက ခန္ဓာ ၅-ပါး။ ရှုတဲ့ဉာဏ်က မဂ္ဂင် ၅-ပါး၊ အရှုခံက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဖြစ်ပျက်နဲ့မဂ်ကိုကိုက်အောင် အားထုတ်ဖို့ ယောဂီတို့ရဲ့တာဝန်ပါ။

အလုပ်စခန်းဝင်ကြစို့

ကိုယ့်ဘဝကို အာမခံချက်ရှိဖို့ဆိုရင်တော့ ဘုံဆိုင်အလုပ်တွေ ဘေးချမှဖြစ်မယ်။ ဇနီး၊ မယား၊ သမီး၊ သားအတွက်လုပ်နေသေးရင်တော့ ဘယ်တော့မှ အာမခံရမှာမဟုတ်ဘူး။ ဝိပဿနာဉာဏ်ရမှ အာမခံချက်ရမယ်ဆို တော့ ဒီဉာဏ်ရဖို့ကလည်း အလုပ်စခန်းဝင်မှ၊ ဘုံဆိုင်အလုပ်တွေဘေးချပြီး ကိုယ်ပိုင်အလုပ်စခန်းဝင်ကြမှ။

ကဲ.... တရားက တော်လိုက်ကြဦးစို့။ ဆုတောင်းမေတ္တာပို့လိုက်ကြရအောင်......

သတ္တလောကဓါတ် လူနတ်ပြဟ္မာတွေ

မြတ်စွာဘုရား၏ တရားစစ်တွေ

ရှိသေလေးစား ကျင့်အားပိုစေ

နိဗ္ဗာန်နန်းစံမြန်းနိုင်ပါစေ

လောဘ ဒေါသ မောဟထိန်ဝေ

ဤမီးသုံးပါး ကြီးမားပလေ

နိဗ္ဗာန်ရောက်ကြောင်း၊ သူတော်ကောင်း တရားတွေ

ကမ္ဘာတည်သမျှ ထွန်းပနိုင်ပါစေ။
သာဓု သာဓု သာဓု။

# ဟာသ

## ကြိုတွေးပါ

“တော်က အပေါင်းအသင်း သံယောဇဉ်အားကြီးကြီးတယ်”

“ဘာကြီးလို့လဲ”

“ကိုသုခဆီက ကုန်ကြမ်းတွေကို မကောင်းဘဲဝယ်နေတာလေ”

“သူ့လုပ်ငန်းလည်ပတ်လို့ ရအောင် ရောညှပ်သုံးပေးရတာပေါ့ကွာ”

“အိုတော် သူ့ပစ္စည်းကမှ မကောင်းတဲ့ဟာကို”

“ဟ မင်း အ လှချည်လား၊ သူ့အလုပ်မလည်ပတ်တော့ရင် ငါ့ဆီလာပြီး ငွေချေးမှာဟ”

## ဆုံးဖြတ်ချက်

“ကျုပ်လဲငွေရှာတော့မယ်၊ ကိုယ်ပိုင်ဝင်ငွေရှိမှ သုံးချင်တာသုံးလို့ရမှာ၊ ဒီနေ့ကစပြီး တော့်ကို ထမင်းရူးကျွေးရရင် ငါးရာစီယူမယ်”

“အဓိပ္ပါယ်မရှိတာကွာ”

“ဘာလို့မရှိရမှာလဲ၊ စားသောက်ဆိုင်စားပြီဆိုရင် စားပွဲထိုးကောင်လေးတွေကို လေးငါးရာပေးပေးနေပြီးတော့”

## ကုန်ပါပြီ

သူဌေးကြီးက ညစာကို အပေါင်းအသင်းတွေနဲ့ အပြင်မှာစားတာများပါတယ်။ တစ်ရက်မှာတော့ သူအိမ်ပြန်စားမယ့်အကြောင်း မိန်းမဆီ ဖုန်းဆက်လိုက်တော့
အိမ်ပြန်လာပြီး ထမင်းစားပွဲမှာ ထိုင်မိတာနဲ့ ဟင်းပွဲတွေကိုကြည့်ပြီး

“ငါဒီလိုမှန်းသိရင် ဟိုတယ်မှာစားပါတယ်”

“ဒါလောက်အစုံချက်ထားတာအကိုကြိုက်တာမပါဘူးလား”

“အစုံချက်ထားလို့ ပေါ့ကွာ၊ ဆိုင်မှာစားရင် တစ်မျိုးတည်းနဲ့ပြီးတယ်၊ ဒါလောက်ငွေမကုန်ဘူး”

## သူတို့ဖို့

“တော်ဆီက ကျုပ်မရတာတွေရှိသေးတယ်”

“ဘဏ်စာအုပ်ပါ မင်းလက်အပ်ထားတာကွာ၊ ဘာများကုန်သေးလို့လဲ”

“ကြင်နာတဲ့အကြည့်တွေ၊ ယုယတဲ့အပြုအမူတွေလေ”

“လောဘမကြီးပါနဲ့ကွာ၊ စားရေးမလေးတွေက လစာလေးမဖြစ်စလောက်ရတာကွ”

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဇေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

January 8th မှ January 14th ကြား

ရှေ့တိုးမရ၍ ရပ်တန့်ထားသောကိစ္စများကို ပြန်လည်ကိုင်တွယ်၍ ထွန်းပေါက်အဆင်ပြေမည်။ ရန်အတိုက်အခံများမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ သူတစ်ပါးကိစ္စများ ကြားဝင်ဆောင်ရွက်ရင်းရန်များခြင်း၊ အမှုပြဿနာဖြစ်ခြင်းများကြုံမည်။ ခရီးကိစ္စအဆင်ပြေမည်။ မရောက်ဖူးသော အရပ်များသို့ရောက်ရှိမည်။ အလုပ်နေရာအပြောင်းအလဲရှိမည်။ လုပ်ငန်းအတွင်းကောင်းသောအပြောင်းအလဲ ရှိမည်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ရေးရာကိစ္စများဆောင်ရွက်အဆင်ပြေမည်။ လူမျိုးခြား၊ ဘာသာခြားများသာမက တိုင်းတစ်ပါးသားများနှင့် ပတ်သက်သောအကျိုးရရှိမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

January 8th မှ January 14th ကြား

အရာရာအပေါ်ထိန်းချုပ်ပြီး လုပ်နေရမည်။ ရန်အတိုက်အခံများကြားမှ တိုးတက်မှု ဖန်တီးရမည်။ မိတ်ဆွေ အကြီးအကဲများထံမှ ကောင်းသောအထောက်အကူရမည်။ တစ်ပါးသူအပေါ် ကူညီရင်း ပြဿနာ ဖြစ်တတ်သည်။ အထင်မှားမှုများ ဖြေရှင်းရမည်။ စုပေါင်းလုပ်ငန်းများ အောင်မြင်မည်။ လုပ်လိုသည်က တစ်မျိုး လက်တွေ့လုပ်နေရသည်က တစ်မျိုးကြုံမည်။ ပိုင်ဆိုင်ထားသော အရည်အသွေးများကို အသုံးမချ နိုင်သော အနေအထားရှိနေသည်။ ပြောမှားဆိုမှားဖြစ်တတ်သည်။ အရာရာသတိနှင့် ဆောင်ရွက်ရမည်။ စိတ်တိုင်းမကျသော်လည်း စိတ်ချမ်းသာစရာများ တစ်ခုပြီးတစ်ခုဖြစ်ပေါ်မည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

January 8th မှ January 14th ကြား

အခြေအနေများ လှုပ်လှုပ်ရှားရှားဖြစ်မည်။ အပြောင်းအလဲပြု၍ လည်းကောင်း၊ လမ်းကြောင်းသစ်များ အခြေတည်လှုပ်ရှား၍ လည်းကောင်း တိုးတက်မည်။ ကြိုတင်တွက် ဆ၍မရသော အန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။ ဖြစ်လေ့ဖြစ်ထမရှိသော အညံ့နှင့်ကြုံ၍ အကုန်အကျများခြင်း ဖြစ်မည်။ စွန့်စားပြီး လုပ်လိုက်သော ကိစ္စများမှ ကောင်းသော အကျိုးဆက်ရမည်။ ဝင်လာသောငွေမှန်သမျှ ပြဿနာအပူနှင့် ယှဉ်ပြီးအန္တရာယ်ရှိသည်။ ငွေရသည်နှင့် အမျှ ပြဿနာများလာတတ်သည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စတာဝန်ယူခြင်းများကို သတိနှင့်ယှဉ်၍ လုပ်ရမည်။ အိမ်တွင်းရေး၊ လူမှုရေးများအညံ့ရှိမည်။ မလုပ်လိုသော အလုပ်ကိစ္စများတာဝန်ယူပြီးဆောင်ရွက်ရမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

January 8th မှ January 14th ကြား

ကြိုတင်တွက်ဆ၍မရသော အညံ့အနှောင့်အယှက်များနှင့် ကြုံမည်။ မတော်တဆထိခိုက်မှု အထူးဂရုစိုက်ရမည်။ လုပ်နေသောလုပ်ငန်းများ ရုတ်တရက်ရပ်တန့်သွားတတ်သည်။ အပြိုင်အဆိုင်များနှင့် ထိပ်တိုက်တွေ့မည်။ ဦးထုပ်(သို့မဟုတ်)ထီးလက်ဆောင်ရလိမ့်မည်။ ချက်ချင်းမသုံးပါနှင့်။ လာဘ်ပိတ်တတ်သည်။ ရရှိသည့်နေ့မှစ၍ သုံးပတ်ကျော်မှသုံးစွဲပါ။ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူအတွက် အချိန်ကုန်ငွေကုန်ခံပြီး ဆောင်ရွက်ရခြင်းများ ရှိမည်။ သူတစ်ပါးနှင့် မတူသော ရှုထောင့်မှလုပ်ကိုင်ခြင်းဖြင့် ဘဝအခြေအနေအဆင့်မြင့်မားမှု ကြုံမည်။ လိုရာအလုံးစုံ ပြီးပြည့်စုံမည်။ အမည်အတွင်း (အ၊ ဉ၊ ရ၊ လ၊ ဝ)ပါသူများကို သတိနှင့်ဆက်ဆံရမည်။ အနက်ရောင်နှင့် အနီရောင်တွဲဖက် ဝတ်ဆင်ခြင်းရှောင်ပါ။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

January 8th မှ January 14th ကြား

တိုးတက်အောင်မြင်သော အခြေအနေကောင်းကြုံမည်။ ဉစ္စာတိုးပွားမည်။ ယှဉ်ပြိုင်သူများအပေါ် အနိုင်ယူ စိုးမိုးအောင်မြင်မည်။ ကာလအတန်ကြာရည်ရွယ်ချက် မပြောင်းမလဲဖွဲ့ကြီးကြီးနှင့် ဆောင်ရွက်သောကိစ္စမှ အကျိုးထူးရရှိမည်။ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်မှုများ အောင်မြင်မည်။ အလုပ်အကိုင်နှင့် စီးပွားရေး တွင် အထူးကောင်းသည်။ ပေါ်ပေါက်လာသော အခွင့်အရေးသစ်များကို လက်တွေ့အသုံးချပြီး တိုးတက်မှု ရရှိမည်။ အခါတိုင်းတွင် လုပ်ကိုင်ဆောင်ရွက်သောအခါ ခက်ခဲသော ကိစ္စရေးရာများကိုပင် လွယ်ကူစွာပြီး မြောက်အောင် ဆောင်ရွက်နိုင်မည်။ ပိုျရွယ်သူများ အလွန်စန်းပွင့် သောရက်များဖြစ်၏။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ပြိစ္ဆာရာသီ)

January 8th မှ January 14th ကြား

ရင်းနှီးသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။ ပြဿနာအကြီးစားမဟုတ်ဘဲ အပြန်အလှန်အထင်မှားမှုအပေါ် အခြေတည်၍ စိတ်ရှုပ်ထွေးရမည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ ကိုယ်ရေးကိုယ်တာကိစ္စမှအစ လုပ်ငန်းစီးပွားလျှို့ဝှက်ချက်များအား ဖွင့်ဟတိုင်ပင်ခြင်းမပြုရ၊ နှုတ်မလုံသောသူများ၊ သတင်းမောင်းတီး၍ ပြောမည့်သူများဝန်းကျင်တွင် ပြည့်နှက်နေသည်။ စိတ်ရှုပ်ထွေးစရာများ၊ အခက်အခဲများကို ခေါင်းအေးအေးနှင့် ကိုင်တွယ်ဖြေရှင်းပါ။ အချို့သောကိစ္စများတွင် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းပြီး လုပ်ဆောင်ရမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စရှုပ်ထွေးပွေလီဖြစ်တတ်သည်။ မဟုတ်မခံစိတ်နှင့် တဇွတ်ထိုးလုပ်လေအမှားအယွင်းကြုံလေဖြစ်မည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

January 8th မှ January 14th ကြား

အကြံသစ်များ အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုများ ရရှိမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်နိုင်မည်။ ဆက်ဆံရသောဝန်းကျင်အတွင်း အပြောင်းအလဲရှိမည်။ လူသစ်ဝန်းကျင်သစ်များမှ အကျိုးပေးမည်။ အရေးကြီးသော စာရွက်စာတမ်းများ လက်မှတ်ထိုးရမည်။ ငွေကြေးကိစ္စ စကားပြောဆို၍ အောင်မြင်မည်။ ကာလအတန်ကြာနှောင့်နှေးနေသောကိစ္စများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ နေအိမ်နေရာ၊ အလုပ်နေရာများတွင် ပြင်ဆင်ပြုပြင်မှုနှင့် ပြောင်းလဲမှုများဖြစ်မည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

January 8th မှ January 14th ကြား

အပြောင်းအလဲမပြုလိုသော်ငြား အခြေအနေအရပ်ရပ်သည်ပြောင်းလဲရသော အနေအထားကိုရောက်မည်။ လူသစ်များနှင့်ဆက်ဆံရမည်။ ဦးတည်ချက်ပြောင်းပြီး လုပ်သောကိစ္စမှ ထူးခြားသော တိုးတက်မှုရမည်။ ဖြစ်ပေါ်လာသောအနေအထားသစ်များကို လက်ခံလိုသော ဆန္ဒမရှိလင့်ကစား အခြေအနေနှင့်တပြေးညီ ပြောင်းလဲပြီးနောက် ပိုမိုတိုးတက်မည်။ စကားရှုပ်သောသူများ၊ သစ္စာမဲ့သောသူများ ကြုံမည်။ လူမျိုးကွဲ ကောင်းကျိုးပေးမည်။ ကျန်းမာရေး သတိရှိပါ။ စက်ပစ္စည်းချို့ယွင်းမှုကြောင့် မတော်တဆ အန္တရာယ်ဖြစ်တတ်သည်။ အလုပ်ကိစ္စမှန်သမျှ သတိနှင့်ယှဉ်ပြီး လုပ်ကိုင်တိုးတက်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

January 8th မှ January 14th ကြား

အခက်အခဲများ လွတ်မြောက်မည်။ လမ်းသစ်ထွင်၍ လုပ်ကိုင်သည်များမှ ထူးခြားသော အကျိုးဆက်ရမည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်။ ရပ်တန့်ထားသော လုပ်ငန်းများ ပြန်လည်ဆောင်ရွက် လုပ်ကိုင်ရမည်။ ငွေကြေးကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လုပ်ကိုင်ရမည်။ ငွေကြေးကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ အခက်အခဲပြေလည်မည်။ မြောက်အရပ်သို့မဟုတ် အရှေ့မြောက်အရပ်နှင့်ဆက်သွယ်၍ လုပ်သောလုပ်ငန်းများမှကောင်းသော အကျိုးဆက်ရမည်။ ဤတစ်သက်တာဘယ်သောအခါမှ ဤကဲ့သို့ မလုပ်တော့ဟု ယတိပြတ်ဆုံးဖြတ်ရသောလုပ်ငန်းကို လုပ်ရကိန်းကြုံမည်။ အိမ်နေရာ၊ အလုပ်နေရာနှင့်ထိတွေ့ဆက်စပ်နေသော ဝန်းကျင်အတောအတွင်း အပြောင်းအလဲများ ဖြစ်ပေါ်မည်။ ကောင်းသောအပြောင်းအလဲဖြစ်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရခြင်းကြုံမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

January 8th မှ January 14th ကြား

စိတ်ချမ်းမြေ့စရာများရှိမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ ရန်အခက်အခဲများကျော်လွှားပြီးတိုးတက်မှုအဆင့်ဆင့်ရမည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ၅၂၈-၁၅၀၀မေတ္တာ အလုံးစုံကောင်းသည်။ တစ်ပါးသူအပေါ်ကောင်းသော အထောက်အကူပြုနိုင်ခြင်းများရှိမည်။ မိခင်နှင့်ပတ်သက်သော ဆွေမျိုးသားချင်း မိတ်ဆွေတို့၏ အထောက်အကူများရရှိမည်။ ကျန်းမာရေးအညံ့ရှိသည်။ အနေအထိုင် အသွားအလာ ဂရုစိုက်ရမည်။ ဆေးရုံ၊ ဆေးခန်းသို့ ကိုယ်တိုင်အတွက်ဖြစ်စေ၊ တစ်ပါးသူအတွက်ဖြစ်စေရောက်ကိန်းကြုံသည်။ သူတပါးနှင့် ပူးတွဲလုပ်ကိုင်ထားသော လုပ်ငန်းများမှ ကောင်းသော အကျိုးဆက်များ အဆင့်ဆင့် ရရှိမည်။ မိသားစု အလုပ်ကိစ္စ မိမိဦးဆောင်ကူညီမှုဖြင့်ကောင်းသောတိုးတက်မှုရမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

January 8th မှ January 14th ကြား

ရည်မှန်းချက်အလုံးစုံနှင့် ဆန္ဒလိုလားချက်ကို ပြည့်မီအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး မြင့်မားသော ကံအနေအထားနှင့် အခြေအနေကို ရောက်ရှိမည်။ အလုပ်ရှာအလုပ်လျှောက်သူများ အဆင့်မြင့်လုပ်ငန်းကောင်းရမည်။ မြှုပ်နှံလိုက်သောငွေမှ ထူးခြားသော အကျိုးအမြတ်ကောင်းများရမည်။ အပင်ပန်းခံပြီး လုပ်ဆောင်ထားသည်များမှ ကောင်းသောအကျိုးဆက် ရလာမည်။ တစ်ဦးထက်ပိုသောအချစ်ရေး မေတ္တာရေးကိစ္စများကြုံမည်။ အလွန်စန်းကောင်းမည်။ ပြတ်နေသော အဆက်အသွယ်များနှင့်ပင် ပြန်ဆုံမည်။ လက်လွန်ထားသော ငွေပြန်ရမည်။ ကြန့်ကြာနေသော ပစ္စည်းပြန်လည်ရရှိမည်။ အရွယ်လွန်အပျိုကြီးများ စန်းပွင့်မည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

January 8th မှ January 14th ကြား

အရာရာသတိရှိရမည်။ အမှားအယွင်းများဖြစ်တတ်သည်။ လူပေါင်းမှားဆုံးဖြတ်ချက် မှားတက်သည်။
မူလရည်မှန်းထားသည်နှင့် လက်တွေ့ကွာဟမည်။ တစ်ပါးသူကြောင့် အကြံအစည်၊
လုပ်ငန်းများနှောင့်နှေးခြင်း၊ ပျက်ယွင်းခြင်း ရှိမည်။ စက်ပစ္စည်းများအပျက်အယွင်းများမည်။
လျှပ်စစ်ပစ္စည်းများတစ်ခုပြီးတစ်ခုပျက်မည်။ ကုန်ကျစရာများတစ်မျိုးပြီးတစ်မျိုးဖြစ်မည်။ ဆောင်ရွက်သည့်ကိစ္စမှန်သမျှ အပြီးသတ်နောက်ဆုံးအချိန်ရောက်မှ တလွဲတချော်ဖြစ်သွားတတ်သည်။ ကတိမတည်သောသူများနှင့် တွေ့မည်။ လိမ်ညာလှည့်စားသော သူများနှင့် တွေ့မည်။
အထင်အမြင်လွဲမှားမှုနှစ်ခုဖြေရှင်းရမည်။ ကျန်းမာရေးချူချာမည်။ မတော်တဆ
ထိခိုက်မှုများဖြစ်တတ်သည်။

## အားကစား

## ဝန်ကြီးဌာန ပြန်ရန် ဇန်နဝါရီ ၂ ရက်ထိ ကစားသမား ၂၇ ဦးစာရင်း ပေးသွင်း

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိုအသင်းများရှိဘောလုံးသမားများထဲမှ ဝန်ကြီးဌာနသို့ပြန်လည် တာဝန်ထမ်းဆောင်ရန် တရားဝင် စာရင်း ပေးသွင်းသည့် ဘောလုံးသမား အရေအတွက်မှာ ဇန်နဝါရီ ၂ ရက်အထိ ၂၇ ဦးရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ သတင်းထုတ်ပြန်သည်။ အဆိုပါဘောလုံးသမားများမှာ မကွေး၊ ရတနာပုံ၊ ကမ္ဘောဇ၊ ဒယ်လ်တာ၊ ဆာက်သမ်းမြန်မာ အသင်း၅သင်းမှ ဖြစ်ပြီး၊ ရန်ကုန်၊ ဇေယျာရွှေမြေနှင့်ဥဿာတို့မှာဌာနပြန်မည့် ဘောလုံးသမားစာရင်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ စာရင်းမပို့ရသေးကြောင်းသတင်းရရှိသည်။ မကွေးလူငယ်အသင်းနည်းပြ ဦးကျော်လွင်လည်းဌာနသို့ပြန်ရန်စာရင်းပေးသွင်းထားသည်။ ဌာနပြန်မည့် ကစားသမားများတွင် ရတနာပုံမှရန်ပိုင်၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ မကွေးမှ ဇော်ထက်အောင်၊ လွင်ဦး၊ ကမ္ဘောဇမှ စိုးမြတ်မင်း စသောနာမည်ကြီးဘောလုံးသမားများ ပါဝင်နေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ပရိုအသင်းများတွင် ကစားသမားကောင်းများဆုံးရှုံးမည်ဖြစ်ပြီး ပြိုင်ပွဲကြီးတွင်လည်းနာမည်ကျော်ကစားသမားများပါဝင်မှုလျော့နည်းသွား၍ ပရိသတ် စိတ်ဝင်စားမှုလျော့ကျသွားမည်ကို မြန်မာဘောလုံးရေးရာကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။ ထိုစာရင်းအတိုင်း ကစားသမားများ ဌာနပြန်ဖြစ်ပါကစုစုပေါင်းကစားသမား ၃၀ ကျော်ရှိမည်ဖြစ်သည်။ ဌာနသို့ပြန်ရန် စာရင်းပေးထားသော ဘောလုံးသမားနှင့် နည်းပြများမှာ မတ်လ ၁ ရက်မတိုင်ခင်ထိ ဆုံးဖြတ်ချက်ကို ပြင်လိုပါက ပြင်နိုင်သေးသည်။ ထို့ကြောင့်ဌာနပြန်မည့်ကစားသမားစာရင်းအရေအတွက်အတိအကျမှာမတ်လ၁ ရက်တွင်မှထွက်လာမည်ဖြစ်ကြောင်း ပရိုကလပ်အသင်း တစ်သင်းမှ တာဝန်ရှိသူကပြောကြားကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

# အနုပညာ

## မင်းသမီးတစ်ယောက်ထက် သရုပ်ဆောင်တစ်ယောက်ပဲဖြစ်ချင်တယ်ဆိုသူ

၂၀၀၉ခုနှစ်က သူ့အတွက်ရုပ်ရှင်ကားကြီးတွေပဲ အရိုက်များနေတဲ့အတွက် ကံကောင်းတဲ့နှစ်လို့ စိုးပြည့်သဇင်က ပြောပါတယ်။ ဒီအရွယ်လေးမှာ ရုပ်ရှင်ကားကြီးတွေပဲ အရိုက်များနေရတယ်ဆိုတော့ စိုးပြည့်အတွက် စိတ်ဖိစီးမှုတွေ များနေမလားဆိုတော့ "မများပါဘူး။ ရုပ်ရှင်နဲ့ဗီဒီယိုကသိပ်လည်းမကွာပါဘူး။ ရုပ်ရှင်ကျတော့ အနုပညာရှင်တွေ အများကြီးပါကြတယ်ဆိုတော့ အရမ်းပျော်ဖို့ကောင်းတယ်။ စိုးပြည့်က ကားကြီးရိုက်ရင် အရင်ဆုံးရွေးချယ်တာကတော့ ဇာတ်ပါပဲ။ အခန်းနည်းတာများတာထက် ကိုယ်ရဲ့လုပ်ကွက်က အဓိကပါ။ ကိုယ်ပေး လိုက်တဲ့ Plot လေးက ပရိသတ်ကို ထိနိုင်လားဆိုတာကို စိုးပြည့်ကြည့်တယ်။ စိုးပြည့်အတွက် ကျန်မယ့်ဟာဆိုရင် တော့ စိုးပြည့်ရိုက်တယ်" လို့ဆိုပါတယ်။ ရန်ကုန်ပရိသတ်နဲ့ နယ်ပရိသတ်က ကြိုက်တဲ့ဇာတ်ကားချင်းက မတူကြတဲ့ အတွက် စိုးပြည့်ကို နယ်ပရိသတ်က ဘယ်လိုကားတွေရိုက်ဖို့ တောင်းဆိုလည်းဆိုတော့..... "ဒရာမာဇာတ်တွေကို ရိုက်ဖို့ကောင်းတယ်။ သူတို့စိတ်ထဲမှာ တသသစွဲနေမယ့်ဇာတ်မျိုးလေးတွေပေါ့။ အဲဒီလိုဇာတ်မျိုးလေးတွေကို နယ်က များများရိုက်ပေးပါလို့ တောင်းဆိုကြတယ်။ ဟာသတွေတော့ နယ်ကသိပ်မကြိုက်ကြဘူးထင်တယ်။ စိုးပြည့်ရိုက်ခဲ့တဲ့ "ဒေင်ရဲ့ကျေးကျွန်များ"၊ "နှလုံးသားလဲလှယ်ပွဲ"၊ "ဤမှန်သော သစ္စာစကား" အဲလိုရင်နင့်စရာကောင်းတဲ့ ကားမျိုးတွေကို ၂၀၊ ၃၀လောက်ပြန်ကြည့်ကြတယ်လို့ ပြောကြတယ်" လို့ နယ်ပရိတ်သတ်အကြိုက်ကို ပြောပါတယ်။ စိုးပြည့်သဇင်ကိုဘယ်လို ကာရိုက်တာမျိုးကို အခုအချိန်မှာ အရမ်းရိုက်ချင်နေလဲဆိုတော့ "အရမ်းရူးသွပ်တဲ့ ပုံစံမျိုး သရုပ်ဆောင်ချင်တယ်။ အဲဒီလိုသရုပ်ဆောင်ရလို့ အလှပျက်မှာလည်း မစိုးရိမ်ပါဘူး။ သရုပ်ဆောင်ဆိုတာ ဆေးစက်ကျရာ အရုပ်ထင်ရမယ်လေ။ နောက်စိုးပြည့်က မင်းသမီးတစ်ယောက်ဖြစ်တာထက် သရုပ်ဆောင်တစ်ယောက်ပဲ ဖြစ်ချင်တယ်။ ဒါကြောင့်စိုးပြည့်မလှမပမှာမကြောက်ဘူး။ စိုးပြည့် မိတ်ကပ်မလိမ်းနဲ့ ဆိုရင်လည်း မလိမ်းဘဲရိုက်မှာပဲ" လို့ သူရဲ့အနုပညာအပေါ်ထားတဲ့စိတ်ကို ပြောပြပါတယ်။

(၂၀၁၀ခုနှစ်ဇန်နဝါရီလ ၅ရက်နေ့ထုတ်ပေါ်ပြူလာဂျာနယ်)

## ၂၀၁၀နောက်ပိုင်း အနုပညာအလုပ်တွေပဲ အဓိကလုပ်မယ့် ချစ်သုဝေ

ရိုးတွေမှာအမြဲတွေ့နေရတဲ့ အဆိုတော်ကတော့ ချစ်သုဝေပါပဲ။ သူ့ကို ၂၀၁၀အတွက် နှစ်ဦးစကားကို ပြောပေးပါဦးဆိုတော့........ "ကျွန်မကလေ လူတွေအားလုံးကိုချစ်တယ်။ အဲဒီအတွက်ကြောင့် သူတို့တွေကို ကျန်းမာစေချင်တယ်။ ပြီးတော့စိတ်အရမ်းချမ်းသာစေချင်တယ်။ အတိုက်အခိုက်အနှောင့်အယှက်ကင်းတဲ့ ဘဝလေးမှာ ပျော်ပျော်ရွှင်ရွှင် နေစေချင်တယ်။ ကိုယ့်ကိုတိုက်ခိုက်မယ့်သူကိုလည်း ကိုယ်ကမေတ္တာထားတတ်အောင်၊ ကိုယ်ကလည်း သူများအပေါ်မှာတိုက်ခိုက်မှုမရှိတဲ့ မြင့်မြတ်တဲ့ဘဝမျိုးကို ပရိသတ်ကိုပိုင်ဆိုင်စေချင်တယ်။ ပြီးတော့ လောကကြီးမှာ အခြေခံစည်းမျဉ်းလေးတွေရှိတယ်။ အဲဒီအခြေခံစည်းမျဉ်းလေးတွေကို အတတ်နိုင်ဆုံးကျွန်မတို့တွေ ထိန်းထိန်းသိမ်းသိမ်းလေးနဲ့ အသိသတိလေးနဲ့ သွားပြီးတော့ အကျိုးရှိတဲ့လူတွေဖြစ်ပါစေ"လို့ဆုတောင်းပေးလိုက်ပါ တယ်။ ချစ်သုဝေက တစ်ခါတလေကျရင် သူ့စိတ်က မာမလိုလိုနဲ့အရမ်းစိတ်နုတယ်လို့ပြောပြီး အရာရာကိုလည်း အရမ်းဆန်းစစ်တတ်တယ်လို့ဆိုပါတယ်။ လူဆိုတာကိုယ့်ကိုယ်ကိုယ် Control အမြဲလုပ်ရတဲ့အတွက် ချစ်သုဝေကော Controlလုပ်လားဆိုတော့......

"လုပ်ရတာပေါ့။ ကျွန်မကရင်ထဲမှာတစ်ခုခုခံစားရရင် မျက်နှာမှာအကုန်လုံးပေါ်တယ်။ အဲလိုမျိုးပေါ်တာဟာ နေရာတကာမှာ အံဝင်ခွင်ကျမဖြစ်ဘူး။ တချို့အချိန်မှာအမူအရာကိုထိန်းရတာမျိုးတွေရှိတယ်။ ဒါပေမဲ့အခုတော့ အသက်အရွယ်၊ လုပ်လာတဲ့အလုပ်အကိုင်တွေပေါ်မှာမူတည်ပြီးတော့ ကျွန်မပညာရလာတယ်။ ထိန်းသိမ်းတတ် သွားတယ်။ ပိုပြီးရင့်ကျက်လာတယ်ပေါ့။ ကျွန်မနောက်ပိုင်းအဓိကလုပ်မယ့်အရာကတော့ အနုပညာအလုပ်တွေပါပဲ။ ကျွန်မလုပ်နိုင်တဲ့အင်အားလေးရှိနေတုန်းမှာ လုပ်တတ်နေတဲ့အချိန်မှာ အနုပညာအလုပ်ကို အပြည့်အဝလုပ်ပေးချင် တယ်။ အဲဒီတော့ကျွန်မသီချင်းတွေ ဆိုနေဦးမယ်။ အခွေတွေထွက်နေဦးမယ်။ ပြီးတော့ရုပ်ရှင်ကားတွေ၊ ဗီဒီယိုကားတွေနဲ့ ကြော်ငြာတွေရိုက်ဖြစ်နေဦးမယ်။ အဲဒီကြားထဲမှာ ဆေးပညာနဲ့ပတ်သက်လို့ အကူအညီလာတောင်း ရင်လည်း ကျွန်မကူညီပေးဖြစ်ဦးမှာပါပဲ" လို့ဆိုပါတယ်။

(၂၀၁၀ခုနှစ်ဇန်နဝါရီလ ၅ရက်နေ့ထုတ်ပေါ်ပြူလာဂျာနယ်)